မြန်မာသတင်းလွှာ

မြန်မာနိုင်ငံမှတလအတွင်းဖြစ်ရပ်များအားသုံးသပ်မှု

A L T E R N A T I V E   A S E A N   N E T W O R K   O N   B U R M A
campaigns, advocacy & capacity-building for human rights & democracy

အမှတ်စဉ် ၈၆

၂၀၁၄ ခု၊ ဖေဖော်ဝါရီလ

ဤသတင်းလွှာတွင်

ပင်မသတင်း

၂ သတင်းထောက်လေးဦးအဖမ်းခံရ

၂ မီဒီယာနှင့်လူထုဟောပြောမှုများအားကန့်သတ်မှုများပြုလုပ်

၃ စာနယ်ဇင်းပြုပြင်ပြောင်းလဲမှု လမ်းကြောင်းလွဲချော်နေ

မြန်မာနိုင်ငံပြည်တွင်းသတင်းများ

၃ ဒူးချီးယားတန်းသို့အစိုးရမှစုံစမ်းစစ်ဆေးမှု သည်လုံလောက်မှုမရှိ

၄ ဂုဏ်သိက္ခာကျဆင်းစေမှုအတွက်ရိုဟင်ဂျာလွှတ်တော်ကိုယ်စားလှယ်အစစ်ဆေးခံရ

၅ နယ်စည်းမခြားဆရာဝန်များအဖွဲ့ MSF အားအစိုးရမှရပ်ဆိုင်း

၅ လွှတ်တော်အစည်းအဝေးဆက်လက်ပြုလုပ်

၆ လက်ထပ်ထိမ်းမြားခြင်းအားကန့်သတ်မှုကိုတက်သုတ်ရိုက်ပြုလုပ်နေ

၆ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာကော်မတီသစ်

၆ ကချင်ပြည်နယ်မှတိုက်ပွဲများ

၇ ရှမ်းပြည်နယ်မှတိုက်ပွဲများ

၈ သန်းခေါင်စာရင်းကောက်ယူမှုအားဆန့်ကျင်မှု

၉ မြေယာသိမ်းဆည်းမှုအားဆန့်ကျင်ဆန္ဒပြသူများအားပိုမိုဖမ်းဆီး

လူ့အခွင့်အရေး

၉ အိုဂျေကွင်တားနား၏နောက်ဆုံးလာရောက်မှု

အိုးအိမ်မဲ့ဖယ်ရှားခံရမှုများ

၁၀ ရိုဟင်ဂျာများခေါင်းပုံဖြတ်ခံရ၊ ငြင်းပယ်ခံရ

စီးပွားရေး

၁၁ EITI ကြီးကြပ်ရေးအဖွဲ့ခန့်အပ်

၁၁ မြန်မာနိုင်ငံဆိုင်ရာအခြားသတင်းများ

၁၄ အစီရင်ခံစာများ

- အစိုးရသည်ခေတ်မမီတော့သော၊ ဖိနှိပ်သည့် ၁၉၂၃ ခုနှစ်နိုင်ငံတော်လျှို့ဝှက်ချက်အက်ဥပဒေအား လက်နက်စက်ရုံနှင့်ပတ်သက်၍သတင်းဖော်ပြခဲ့သောသတင်းထောက်လေးယောက်အား ဖမ်းဆီးရန်အတွက်အသုံးပြုခဲ့သည်။
- ယခင်ပြည်ပရောက်မီဒီယာအုပ်စုများတွင်လုပ်ကိုင်နေကြသောနိုင်ငံခြားသား သတင်းထောက်များအပေါ် အစိုးရပြန်ကြားရေးဝန်ကြီးဌာနမှ ဗီဇာကန့်သတ်မှုများပြုလုပ်ခဲ့သည်။
- ဇန်နဝါရီလ ၉ ရက်နေ့ကစတင်ခဲ့သည့်အကြမ်းဖက်မှုများအား အစိုးရ၏လူ့အခွင့်အရေးကော်မရှင်မှ သင့်တော်သောစုံစမ်းစစ်ဆေးမှုပြုလုပ်ရန်ပျက်ကွက်ခဲ့ပြီးနောက် ရခိုင်ပြည်နယ် ဒူးချီးယားတန်းကျေးရွာမှ ရိုဟင်ဂျာများထိခိုက်ဒါဏ်ရာရခဲ့၊ သေဆုံးခဲ့သည်ဟူသောသတင်းများအပေါ် နောက်ထပ်အရေးယူလုပ်ဆောင်မှုများ နေပြည်တော် (အစိုးရ) မှလုပ်ဆောင်ခဲ့ခြင်းမရှိခဲ့ပေ။
- ဒူးချီးယားတန်းကျေးရွာတွင် ဇန်နဝါရီ လ ၂၈ နေ့ကမီးလောင်မှု၌ ရဲများ၏ပါဝင်ပတ်သက်မှုရှိခဲ့သည်ဟု စွပ်စွဲမှု ပြုလုပ်ခဲ့သော USDP ပါတီမှ ပြည်သူ့လွှတ်တော်အမတ်ဦးရွှေမောင်အား သမ္မတဦးသိန်းစိန်၏ပန်ကြားမှုဖြင့် အာဏာပိုင်များမှစစ်ဆေးမေးမြန်းခဲ့သည်။
- ဒူးချီးယားတန်းကျေးရွာမှ အကြမ်းဖက်မှုများတွင် သေဆုံးမှုများရှိခဲ့သည်ဟု လူသားချင်းစာနာမှုဆိုင်ရာအဖွဲ့ဖြစ်သော နယ်စည်းမခြားဆရာဝန်များအဖွဲ့ MSF မှအတည်ပြုပေးခဲ့မှုအတွက် ထင်ရှားစွာတုန့်ပြန်သည့် အနေဖြင့် အစိုးရမှ ထိုအဖွဲ့၏လုပ်ဆောင်မှုများအားရပ်ဆိုင်းခဲ့သည်။
- သမ္မတဦးသိန်းစိန်သည် ဘာသာမတူသူများအကြားလက်ထပ်ထိမ်းမြားခြင်းအားကန့်သတ်ရန် နာမည်ဆိုးဖြင့်ကျော်ကြားသည့် အဆိုပြုချက်အား ဆွေးနွေးပါရန် လွှတ်တော်အားညွှန်ကြားလိုက်သည်။
- ပြုလုပ်တော့မည့် နိုင်ငံလုံးဆိုင်ရာသန်းခေါင်စာရင်းကောက်ယူမှုသည် တိုင်းရင်းသားအုပ်စုများနှင့်လူထုအဖွဲ့အစည်းများ၏ ဆန့်ကျင်တုန့်ပြန်မှုများကိုရရှိနေသည်။
- ခုနစ်လစော၍ဖွဲ့စည်းခဲ့သော ပထမကော်မတီ၏ (ထိုကော်မတီသည် အဓိကပြင်ဆင်မှုများအား တိုးတက်မှုရှိအောင်မပြုလုပ်နိုင်ခဲ့ပါ။) အလုပ်များအား ဆက်လက်ပြုလုပ်သွားနိုင်ရန်အတွက် နောက်ထပ်ဖွဲ့စည်းပုံဆိုင်ပြန်လည်သုံးသပ်ရေးကော်မတီတခုကို လွှတ်တော်မှဖွဲ့စည်းလိုက်သည်။
- ငြိမ်းချမ်းစွာစုရုံးခြင်းနှင့်ဆန္ဒပြခြင်းဥပဒေနှင့်ပတ်သက်သော ထင်ရှားသည့်ပြင်ဆင်မှုများအား လွှတ်တော်မှအတည် မပြုနိုင်ခဲ့ပါ။
- ဖေဖော်ဝါရီလတွင် တနိုင်ငံလုံးအနှံ့အပစ်အခတ်ရပ်စဲရေးဆွေးနွေး ပွဲများ

မပြုလုပ်နိုင်ခဲ့ပါ။ သို့သော် တပ်မတော်သည် ကချင်ပြည်နယ်တွင် KIA အပေါ်ထိုးစစ်များပိုမိုပြုလုပ်ခဲ့ကာ ရှမ်းပြည်နယ်တွင် SSA-S နှင့် TNLA တို့အား ဆက်လက်ထိုးစစ်ဆင်ခဲ့သည်။

- မုံရွာ (လက်ပံတောင်း) ကြေးနီမိုင်းစီမံကိန်းအတွက် မြေယာသိမ်းယူမှု များအပေါ်ဆန့်ကျင်ဆန္ဒပြခဲ့ကြသည့်အတွက် စစ်ကိုင်းတိုင်းတွင်လူ ၈ ဦးအား ဒေသခံရဲများကဖမ်းဆီးထိန်းသိမ်းလိုက်ကြသည်။
- ဥပဒေများအားကြိုတင်၍ တက်သုတ်ရိုက်ကာအတည်ပြုခဲ့သော်လည်း ငွေကြေးခဝါချမှုနှင့်ပတ်သက်သည့် ငွေကြေး လုပ်ဆောင်မှုဆိုင်ရာလုပ်ငန်းအဖွဲ့ (FATF) ၏အဆင့်သတ်မှတ်မှုအား တိုးတက်လာအောင်မြန်မာနိုင်ငံမှမလုပ်ဆောင် နိုင်ခဲ့ပါ။
- သောမတ်စ်အိုဂျေကွင်တားနားသည် မြန်မာနိုင်ငံသို့ ကုလသမဂ္ဂလူ့အခွင့်အရေးဆိုင်ရာအထူးသံတမန်အဖြစ် နောက်ဆုံးခရီးစဉ်ကိုလာရောက်ခဲ့ကာ ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်တခုလုံးကို ထိခိုက်သွားစေနိုင်သည့် စိန်ခေါ်မှုများအပေါ် သူ၏စိုးရိမ်ပူပန်မှုအားဖော်ပြခဲ့သည်။
- ဘင်္ဂလားဒေ့ရှ်က အိုးအိမ်စွန့်ခွာလာရသည့် ရိုဟင်ဂျာများအား မြန်မာနိုင်ငံသို့ပြန်လည်မောင်းထုတ်နေစဉ်တွင် ထိုင်းနိုင်ငံ ကရိုဟင်ဂျာများအား လူကုန်ကူးနေခဲ့ကြသည်။

ပင်မသတင်းများ

အစိုးရမှသတင်းသမားလေးဦးအား ဖမ်းဆီးတရားစွဲဆို

ဖေဖော်ဝါရီလတွင် စုံစမ်းထောက်လှမ်းသတင်းဖော်ပြမှု လုပ်ငန်းတခုကိုပုံနှိပ်ဖော်ပြခဲ့သည့်အတွက် သတင်းသမားလေးဦး အား ခေတ်မမီတော့သော ၁၉၂၃ ခုနှစ်နိုင်ငံတော်လျှို့ဝှက်ချက်အက်ဥပဒေဖြင့် အစိုးရမှရာဇဝတ်မှုစွပ်စွဲချက်များပြုလုပ် ခဲ့သည်။ မကွေးတိုင်း ပေါက်မြို့နယ်တွင် စစ်တပ်၏လျှို့ဝှက်ဓာတုစက်ရုံတခုရှိသည်ဟုစွပ်စွဲထားသော ဆောင်းပါးတခု အား ဇန်နဝါရီလ ၂၅ ရက်နေ့ကပုံနှိပ်ဖော်ပြခဲ့သည့်အတွက် ဇန်နဝါရီလ ၃၁ ရက်နေ့တွင် မကွေးတိုင်း ပေါက်မြို့နယ်မှရဲ များက ယူနတီအပတ်စဉ်ဂျာနယ်မှသတင်းထောက် ကိုလူမော်နိုင်အားဖမ်းဆီးခဲ့သည်။ ဖေဖော်ဝါရီလ ၁ ရက်နေ့တွင် ရဲအရာရှိများက ယူနတီအပတ်စဉ်ဂျာနယ်၏ CEO ကိုတင့်ဆန်းနှင့်နောက်ထပ်ယူနတီဂျာနယ်သတင်းထောက်သုံးဦး ဖြစ်သော ကိုရာဇာထွန်း၊ကိုပိုင်သက်ကျော်နှင့်ကိုစည်သူစိုးတို့အား ထိုကိစ္စနှင့်ပင်ဖမ်းဆီးခဲ့သည်။ ရဲများကထိုသူများအား စစ်ဆေးမေးမြန်းရန်အတွက် ရန်ကုန်မြို့အင်းစိန်အကျဉ်းထောင်တွင်ထိန်းသိမ်းထားခဲ့သည်။ အစိုးရက ထိုငါးဦးတို့အား ရှေ့နေငှားရမ်းခွင့်ကို ရက်အတော်ကြာငြင်းပယ်ထားခဲ့သည်။ ဖေဖော်ဝါရီလ ၁၄ ရက်နေ့တွင် မကွေးတိုင်းပခုက္ကူ ခရိုင်တရားရုံးတွင် CEO နှင့်သတင်းထောက်လေးယောက်တို့သည် တရားရင်ဆိုင်ခဲ့ကြရသည်။ သူတို့သည်အပစ်ကျူး လွန်သည်ဟုသတ်မှတ်ခံရပါက ထောင်ဒဏ် ၁၄ နှစ်အထိချမှတ်ခံရမည်ဖြစ်သည်။

မီဒီယာသတင်းသမားငါးယောက်အား ဖမ်းဆီးထိန်းသိမ်းလိုက်မှုသည် ဒေသတွင်းနှင့်နိုင်ငံတကာမှမီဒီယာအဖွဲ့များ၏ ရှုံ့ချမှုများကိုဖြစ်ပေါ်စေခဲ့ကာ ၎င်းတို့ကဖမ်းဆီးထားသူများအား ချက်ချင်းပြန်လွှတ်ပေးပါရန်တောင်းဆိုခဲ့ကြသည်။

အစိုးရမှနိုင်ငံခြားသားသတင်းသမားများအားဗီဇာကန့်သတ်မှုပြုလုပ်၊ စာရေးဆရာများအားစာပေဟောပြောပွဲပြုလုပ်ခြင်းမှ တားမြစ်

ဖေဖော်ဝါရီလ ၁၃ ရက်နေ့တွင် ဧရာဝတီနှင့်ဒီဗွီဘီတို့အပါအဝင် ယခင်ပြည်ပရောက်မီဒီယာအုပ်စုများ၌ အလုပ်လုပ် ကိုင်ခဲ့သော နိုင်ငံခြားသားသတင်းသမားများအပေါ် အစိုးရပြန်ကြားရေးဝန်ကြီးဌာနမှဗီဇာကန့်သတ်မှုများကို ဖေဖော်ဝါရီ လစောစောပိုင်းကတည်းကပြုလုပ်ခဲ့သည်ဟု သတင်းများရရှိခဲ့သည်။

ဖေဖော်ဝါရီလ ၁၃ ရက်နေ့တွင် သမ္မတဦးသိန်းစိန်၏ပြောရေးဆိုခွင့်ရှိသူဦးရဲထွတ်က မြန်မာနိုင်ငံတွင် "အခါအားလျော်စွာ ပြုလုပ်သောသတင်းများ" ရေးသားသည့်နိုင်ငံခြားသားသတင်းသမားများကိုသာ ယခင်ပေးခဲ့သည့်သုံးလဗီဇာမဟုတ်ပဲ တလအထိဗီဇာကိုသာပေးအပ်သွားမည်ဖြစ်သည်ဟု ပြောကြားလိုက်သည်။ ရခိုင်ပြည်နယ်မောင်တောမြို့နယ်ဒူးချီးယား

တန်းကျေးရွာတွင် အနည်းဆုံးမွတ်စလင်ရိုဟင်ဂျာ ၄၈ ဦးအသတ်ခံခဲ့ရသည်ဟု AP၊ ဧရာဝတီ၊ VOA၊ မြန်မာတိုင်းမ်၊ မဇ္ဈိမ တို့ကဲ့သို့သော နိုင်ငံခြားသတင်းဌာနများမှ သတင်းဖော်ပြခဲ့အပြီး ရက်သတ္တပတ်အနည်းငယ်အကြာတွင် ထိုကဲ့သို့ဗီဇာ စည်းမျဉ်းပြောင်းလဲမှုကိုပြုလုပ်ခဲ့ခြင်းဖြစ်ပါသည်။ [*၂၀၁၄ ခုဇန်နဝါရီလမြန်မာသတင်းလွှာ* တွင်ကြည့်ပါ။]

ဖေဖော်ဝါရီလအတွင်း မြန်မာနိုင်ငံအနှံ့မှပွဲတော်တော်များများတွင် အစိုးရနှင့်အစွန်းရောက်ဘုန်းတော်ကြီးများမှ လွတ်လပ်စွာ ပြောဆိုခွင့်ကိုကန့်သတ်ခဲ့ကြသည်။

- **ဖေဖော်ဝါရီ ၄** - မန္တလေးတိုင်းပျော်ဘွယ်မြို့နယ်မှ စာပေဟောပြောပွဲတခုတွင် စာရေးဆရာညီပုလေး၊မောင်စိန်ဝင်း၊ ဦးဘုန်းတို့အား မဟောပြောရန်မြို့နယ်အုပ်ချုပ်ရေးမှူးမှတားမြစ်ခဲ့သည်။
- **ဖေဖော်ဝါရီ ၁၂** - ဟောပြောမည့်သူနှစ်ဦးဖြစ်သည့် ၈၈ မျိုးဆက်ကျောင်းသားကိုမြအေးနှင့် NLD အဖွဲ့ဝင်ဦးကိုနီတို့ သည် မွတ်စလင်များဖြစ်၍ဟုဆိုကာ ရန်ကုန်မြို့နယ်မြောက်ဥက္ကလာပမြို့နယ်တွင် NLD မှဦးစီးပြုလုပ်သည့် စာပေ ဟောပြောပွဲအား ဖျက်သိမ်းပါရန် မျိုးချစ်မြန်မာဘုန်းတော်ကြီးများသမဂ္ဂ (PBMU) မှဘုန်းတော်ကြီးအပါး ၃၀ တို့က အတင်းအကြပ်ဖိအားပေးခဲ့သည်။
- **ဖေဖော်ဝါရီ ၁၅** - မန္တလေးတွင်ဗိုလ်ချုပ်အောင်ဆန်းအထိမ်းအမှတ်ပြုလုပ်သည့် စာပေဟောပြောပွဲတခု၌ ၈၈ မျိုးဆက် ကျောင်းသားကိုမြအေးအား ဟောပြောသူအဖြစ်မှလဲလှယ်အစားထိုးပေးပါရန် ဘုန်းတော်ကြီးများမှအတင်းအကြပ် ကန့်ကွက်ခဲ့ကြသည်။

မြန်မာ့စာနယ်ဇင်းပြုပြင်ပြောင်းလဲမှု အရှိန်လျော့လာ

ဖေဖော်ဝါရီလ ၁၂ ရက်နေ့တွင်နယ်စည်းမခြားသတင်းထောက်များအဖွဲ့မှ "ကမ္ဘာ့စာနယ်ဇင်းလွတ်လပ်မှုအညွှန်း ၂၀၁၄" အမည်ရှိအစီရင်ခံစာကိုထုတ်ပြန်ခဲ့ကာ မြန်မာနိုင်ငံအားနိုင်ငံပေါင်း ၁၈၀ အနက်မှ ၁၄၅ အဖြစ်အဆင့်သတ်မှတ်ခဲ့သည်။ ၂၀၁၃ ခုတွင် ၁၇၉ နိုင်ငံအနက်မှ အဆင့် ၁၅၁ ရှိခဲ့ရာမှအနည်းငယ်တိုးတက်လာခဲ့သော်လည်း အစီရင်ခံစာကမြန်မာနိုင် ငံ၏ ပြုပြင်ပြောင်းလဲမှုများသည် အရှိန်လျော့လာသည်ဟုပြောကြားလိုက်ပြီး မြန်မာနိုင်ငံသည် နိုင်ငံတကာစံနှုန်းများနှင့် အညီ မီဒီယာဥပဒေအား အကောင်အထည်ဖော်ရန်အစိုးရမှပျက်ကွက်ခဲ့သည်ဟုလည်းပြောကြားလိုက်သည်။

<u>မြန်မာနိုင်ငံပြည်တွင်းသတင်းများ</u>

ဒူးချီးယားတန်းကျေးရွာသို့အစိုးရ၏စုံစမ်းစစ်ဆေးမှုမှာလုံလောက်မှုမရှိ

ဖေဖော်ဝါရီလတွင် အစိုးရသည် ရခိုင်ပြည်နယ် ဒူးချီးယားတန်းကျေးရွာ၌ ဇန်နဝါရီလ ၉ ရက်နေ့စတင်ဖြစ်ပွားခဲ့သော အကြမ်းဖက်မှုများအား လုပ်ကြံဖန်တီးထားသော၊ ဘက်လိုက်မှုရှိသောစုံစမ်းစစ်ဆေးမှုများကို ဆက်လက်ပြုလုပ်ခဲ့သည်။ [*၂၀၁၃ ခုဇန်နဝါရီလမြန်မာသတင်းလွှာ* တွင်ကြည့်ပါ။]

ဖေဖော်ဝါရီလ ၃ ရက်နေ့တွင် နိုင်ငံတကာမှဖိအားများအား တုန့်ပြန်သည့်အနေဖြင့် အဖွဲ့ဝင်လေးဦးပါဝင်သော လူ့အခွင့် အရေးကော်မရှင် (HRC) အဖွဲ့သည်ဒေသတွင်းသို့ အချက်အလက်ရှာဖွေရေးငါးရက်တာလုပ်ငန်းစဉ်ကိုပြုလုပ်ခဲ့သည်။ ဖေဖော်ဝါရီလ ၁၄ ရက်နေ့တွင် HRC သည် လုပ်ငန်းစဉ်အလွန်ကြေငြာချက်တစောင်ကိုထုတ်ပြန်ခဲ့ကာ ၎င်းကြေငြာ ချက်က ဒူးချီးယားတန်းကျေးရွာတွင် အကြမ်းဖက်မှုများဖြစ်ခဲ့သည်ဟူသော အစီရင်ခံစာများသည် "သက်သေလည်း မပြနိုင်၊အတည်လည်းမပြုနိုင်ပါ" ဟုနိဂုံးချုပ်ခဲ့သည်။

အကြမ်းဖက်မှုတွင် ရိုဟင်ဂျာ ၄၈ ဦးသေဆုံးခဲ့သည် သို့မဟုတ် နယ်စည်းမခြားဆရာဝန်များအဖွဲ့မှ ဒါဏ်ရာရသူ ၂၂ ဦး အားကုသပေးခဲ့ရသည်ဟူသော သတင်းများအားအတည်ပြုပေးနိုင်ရန် သက်သေအထောက်အထားမရှိပါဟု ကော်မရှင် ကပြောကြားလိုက်သည်။ ကော်မရှင်က ရခိုင်ပြည်နယ်မှရဲများအား ပိုမိုကောင်းမွန်သောလက်နက်များ တပ်ဆင်ပေးရ မည်ဟူသော ထူးခြားအံ့သြဖွယ်ရာ ကိုရိုးကားယားနိုင်သော နိဂုံးချုပ်ချက်ကိုလည်း ပေးခဲ့ပါသည်။

ဖေဖော်ဝါရီလ ၆ ရက်နေ့တွင် အဖွဲ့ဝင် ၁၀ ဦးပါစုံစမ်းစစ်ဆေးရေးကော်မရှင်အသစ်အတွက် ဒူးချီးယားတန်းကျေးရွာမှ အကြမ်းဖက်မှုအားစိတ်ကြိုက်ရွေးချယ်စုံစမ်းရန် အမိန့်တခုကိုထုတ်ပြန်ခဲ့သည်။ သမ္မတ၏အမိန့်သည် ကော်မရှင်၏စုံစမ်းမှုအား ရဲတပ်ကြပ်ကြီးအောင်ကျော်သေဆုံးမှုနှင့် ဇန်နဝါရီလ ၂၈ ရက်နေ့ကဒူးချီးယားတန်းကျေးရွာတွင် လောင်ကျွမ်းခဲ့သောမီးနှင့်ပတ်သက်၍ ဖြစ်ပေါ်နေသော "မှားယွင်း၍အခြေအမြစ်မရှိသည်အစီရင်ခံစာများ" အားစုံစမ်းရန်အဖြစ်သို့ ကန့်သတ်လိုက်သည်။ သမ္မတဦးသိန်းစိန်သည် ရိုဟင်ဂျာများအပေါ်အသက်သေစေနိုင်သည်အထိဖြစ်စေနိုင်သော အကြမ်းဖက်မှုများနှင့်ပတ်သက်၍ စုံစမ်းစစ်ဆေးရန် ကော်မရှင်အားတာဝန်မပေးအပ်ခဲ့ပါ။ ဖေဖော်ဝါရီလ ၁၅ ရက်နေ့တွင် အဖွဲ့ဝင် ၁၀ ဦးပါကော်မရှင်သည် ဒေသတွင်းရှိကျေးရွာများသို့သွားရောက်ခြင်း၊ UN နှင့် NGO များမှကိုယ်စားလှယ်များနှင့်တွေ့ဆုံခြင်းတို့ဖြင့် ၆ ရက်တာစုံစမ်းစစ်ဆေးမှုကိုစတင်ခဲ့သည်။ ကော်မရှင်သည် ၎င်းတို့၏တွေ့ရှိမှုကိုဖေဖော်ဝါရီလ ၂၈ ရက်နေ့တွင်အစီရင်ခံနိုင်လိမ့်မည်ဟု မျှော်လင့်ခဲ့သော်လည်း မတ်လ ၁ ရက်နေ့အထိဒေသခံမီဒီယာများတွင် မည်သည့်အစီရင်ခံစာမျှပေါ်ထွက်မလာခဲ့ပါ။

ဖေဖော်ဝါရီလ ၁၉ ရက်နေ့တွင် ကမ္ဘာ့ကုလသမဂ္ဂမြန်မာနိုင်ငံဆိုင်ရာလူ့အခွင့်အရေးအထူးသံတမန်သောမတ်စ်အိုဂျေကွင်တားနားက အစိုးရ၏စုံစမ်းစစ်ဆေးမှုများသည် ဒူးချီးယားတန်းကျေးရွာတွင်အကြမ်းဖက်မှုများဖြစ်ပွားခဲ့သည်ဟူသောစွပ်စွဲချက်များအား ကျေနပ်လောက်ဖွယ်ရာကိုင်တွယ်ဖြေရှင်းမပြနိုင်ခဲ့ပါဟု ပြောကြားလိုက်သည်။ သမ္မတဦးသိန်းစိန်၏ စုံစမ်းစစ်ဆေးရေးကော်မရှင်အသစ်မှ ယုံကြည်စိတ်ချလောက်သောစုံစမ်းစစ်ဆေးမှုမျိုးကိုမပြုလုပ်နိုင်ခဲ့ပါက သူ့အနေဖြင့် ဘာတွေဖြစ်ခဲ့သည်ဆိုသည့်အမှန်တရားကိုဖော်ထုတ်ရန်နှင့် လူ့အခွင့်အရေးချိုးဖောက်သူများအား အရေးယူနိုင်ရန်အတွက် UN လူ့အခွင့်အရေးကောင်စီနှင့်ပတ်သက်လုပ်ဆောင်ရလိမ့်မည်ဟုလည်း သတိပေးပြောကြားလိုက်သည်။

အစိုးရမှကျူးလွန်မှုများအားအကာအကွယ်ပေးသည့်ဒဏ်ခတ်မှုများပြုလုပ်၊ နယ်စည်းမခြားဆရာဝန်များအဖွဲ့အား မြန်မာနိုင်ငံမှရပ်ဆိုင်း

ရခိုင်ပြည်နယ်မောင်တောမြို့နယ်ဒူးချီးယားတန်းကျေးရွာတွင်ဖြစ်ပျက်ခဲ့သည့်အပေါ်အစိုးရဖေါ်ပြသော အကြမ်းဖက်မှုပုံစံနှင့်ပတ်သက်၍အစိုးရသိက္ခာကျစေခဲ့ရအောင်ပြုလုပ်ခဲ့သည့်အတွက်နယ်စည်းမခြားဆရာဝန်များအဖွဲ့အား အစိုးရမှ သူတို့၏လုပ်ဆောင်မှုများအတွက်ဒဏ်ခတ်မှုများပြုလုပ်ခဲ့သည်။နယ်စည်းမခြားဆရာဝန်များအဖွဲ့က အကြမ်းဖက်မှုများအပြီးရက်များအတွင်း ဒါဏ်ရာရရှိသူ ၂၂ ဦးအားသူတို့မှကုသပေးခဲ့ရသည်ဟူသော သူတို့၏အစီရင်ခံစာနှင့်ပတ်သက်၍ အခိုင်အမာရပ်တည်ခဲ့ကြသည်။

ဖေဖော်ဝါရီလ ၂၆ ရက်နေ့တွင် နယ်စည်းမခြားဆရာဝန်များအဖွဲ့သည် ရခိုင်ပြည်နယ်မှလုပ်ငန်းများအား ရပ်ဆိုင်းရန်အတွက်အမိန့်ကို ရခိုင်ပြည်နယ်အားဏာပိုင်များထံမှလက်ခံရရှိခဲ့သည်။ ထိုအမိန့်အားလိုက်နာသည့်အနေဖြင့် ဖေဖော်ဝါရီလ ၂၇ ရက်နေ့တွင် နယ်စည်းမခြားဆရာဝန်များအဖွဲ့သည် မြန်မာနိုင်ငံမှ၎င်းတို့၏သမိုင်းတွင် ပထမဆုံးအနေဖြင့် ရန်ကုန်တိုင်း၊ ရခိုင်ပြည်နယ်နှင့်ကချင်ပြည်နယ်တို့မှ သူတို့၏ HIV/AIDS ဆေးခန်းများအားပိတ်ပစ်ခဲ့ရသည်။

ဖေဖော်ဝါရီလ ၂၈ ရက်နေ့တွင် သမ္မတဦးသိန်းစိန်၏ပြောရေးဆိုခွင့်ရှိသူဦးရဲထွတ်က နယ်စည်းမခြားဆရာဝန်များအဖွဲ့၏ မြန်မာနိုင်ငံတွင်လုပ်ငန်းများလုပ်ဆောင်ရန် နားလည်မှုစာချွန်လွှာသက်တမ်းမှာ ၂၀၁၃ခုဇန်နဝါရီလတွင် ကုန်ဆုံးသွားပြီဖြစ်သည့်အတွက် ရပ်ဆိုင်းခံလိုက်ရခြင်းဖြစ်ကြောင်းနှင့် ထိုဆုံးဖြတ်ချက်သည် နယ်စည်းမခြားဆရာဝန်များအဖွဲ့မှ ခွင့်ပြုထားသည်ထက်နိုင်ငံခြားသားဝန်ထမ်းများအား ပိုမိုခန့်ထားခြင်း၊ ရခိုင်ပြည်နယ်တွင် မိခင်နှင့်သားဖွားမှုဆိုင်ရာဆေးခန်းများဖွင့်လှစ်ခြင်း၊ ရိုဟင်ဂျာများအားဦးစားပေးကုသမှုများပြုလုပ်ပေးခြင်း စသည်တို့အပါအဝင် အခြေခံကျန်းမာရေးစောင့်ရှောက်မှုထက်ပိုမိုလုပ်ဆောင်ပေးခြင်း စသည်တို့အားဖြင့်သူတို့၏သဘောတူညီချက်များကို ချိုးဖောက်ခဲ့သည့်အချက်ပေါ်တွင် အခြေခံထားခြင်းဖြစ်သည်ဟုပြောကြားလိုက်သည်။ ဦးရဲထွတ်က ဒူးချီးယားတန်းကျေးရွာမှအကြမ်းဖက်မှုများအပြီးတွင် ဒါဏ်ရာရရှိသူများကိုသူတို့မှကုသပေးခဲ့ရသည်ဟူသော နယ်စည်းမခြားဆရာဝန်များအဖွဲ့၏သက်သေအထောက်အထားပံ့ပိုးမှုမရှိသော အစီရင်ခံစာများအားရည်ညွှန်းကာ

ထိုအဖွဲ့၏လုပ်ရပ်များသည် တင်းမာမှုများဖြစ်လာအောင်မီးထိုး ပေးနေကာ တရားဥပဒေစိုးမိုးမှု၊ ဒေသတည်ငြိမ်မှုတို့ကို ထိခိုက်အောင်လုပ်ဆောင်နေသည်ဟုလည်း ပြောကြားလိုက် သည်။

ဖေဖော်ဝါရီလ ၂၇ ရက်နေ့တွင် နယ်စည်းမခြားဆရာဝန်များအဖွဲ့၏ မြန်မာနိုင်ငံနှင့်ပတ်သက်သော လုပ်ငန်းအကြီးအကဲ ပီတာပေါလ်ဒီဂရု့ Peter Paul de Groote က နယ်စည်းမခြားဆရာဝန်များအဖွဲ့သည် လက်ရှိတွင် နားလည်မှုစာချွန်လွှာ MoU အသစ်အား အပြီးသတ်နိုင်ရန် ကျန်းမာရေးဝန်ကြီးဌာနနှင့်ညှိနှိုင်းနေဆဲဖြစ်ကြောင်း အတည်ပြုပြောကြားခဲ့သည်။ ဖေဖော်ဝါရီလ ၂၈ ရက်နေ့တွင် သမ္မတ၏ပြောရေးဆိုခွင့်ရှိသူဦးရဲထွတ်ကလည်း ဘက်နှစ်ဘက်တို့သည်နားလည်မှုစာ ချွန်လွှာအသစ်အားညှိနှိုင်းနေဆဲဖြစ်သော်လည်း ထို MoU မှာရခိုင်ပြည်နယ်တွင် ကျန်းမာရေးစောင့်ရှောက်မှုများပေးရန် အတွက်သာဖြစ်ကြောင်း အတည်ပြုပြောကြားလိုက်သည်။

နိုင်ငံတော်ဂုဏ်သိက္ခာကျဆင်းစေမှုအတွက် ရခိုင်ပြည်နယ်မှလွှတ်တော်ကိုယ်စားလှယ်တွင်တာဝန်ရှိ

ဒူးချီးယားတန်းကျေးရွာတွင် ဇန်နဝါရီလ၂၈ရက်နေ့က မီးလောင်ကျွမ်းခဲ့မှု၌ ရဲများပါဝင်ပတ်သက်ခဲ့သည်ဟု ပြောကြားခဲ့သည့်အတွက် USDP ပါတီမှ ရိုဟင်ဂျာအမတ် ဦးရွှေမောင် ခေါ် အဗ္ဗဒူရောဇက် Abdu Rawzek အား သမ္မတဦးသိန်းစိန်၏ပန်ကြားမှုအားဖြင့် ဖေဖော်ဝါရီလ ၄ ရက်နေ့၌ နေပြည်တော်မှ ရဲများကစစ်ဆေးမေးမြန်းလျက်ရှိပါသည်။ ရခိုင်ပြည်နယ်မောင်တောမြို့နယ်ဒူးချီးယားတန်းကျေးရွာမှရွာသားများက ရဲများမှသူတို့၏နေအိမ်များအားမီးတင်ရှို့နေ သည်ကိုတွေ့ခဲ့ရသည်ဟု USDP ပါတီမှပြည်သူ့လွှတ်တော်အမတ် ဦးရွှေမောင်က မီးလောင်အပြီးတွင်သတင်းပို့ခဲ့ပါသည်။

ဖေဖော်ဝါရီလ ၅ ရက်နေ့တွင် သမ္မတဦးသိန်းစိန်၏ပြောရေးဆိုခွင့်ရှိသူ ဦးရဲထွတ်က ဗုဒ္ဓဘာသာရခိုင်လူမျိုးများနှင့်မွတ် စလင်ဘာသာဝင်ရိုဟင်ဂျာများအကြား ဂုဏ်သိက္ခာညှိုးနွမ်းစေခြင်းနှင့်တင်းမာမှုဖြစ်ပေါ်အောင်လှုံ့ဆော်ခြင်းတို့ကြောင့် ဦးရွှေမောင်မှာတာဝန်ယူရလိမ့်မည်ဟုပြောကြားလိုက်သည်။

လွှတ်တော်၏နဝမအကြိမ်မြောက်အစည်းအဝေးဆက်လက်ပြုလုပ်

ဖေဖော်ဝါရီလတွင် လွှတ်တော်သည် ၎င်း၏နဝမမြောက်ပုံမှန်အစည်းအဝေးကို ဆက်လက်ပြုလုပ်ခဲ့သည်။ ထင်ရှားသော ဖြစ်ထွန်းမှုများမှာအောက်ပါအတိုင်းဖြစ်သည်။

- **ဖေဖော်ဝါရီ ၅ -** ရာဇဝတ်ပုဒ်မလုပ်ထုံးလုပ်နည်းများဖြင့်အညီ ရုံးများကိုဝင်ရောက်ရှာဖွေကာ မီဒီယာပစ္စည်းများကိုသိမ်း ယူရန်လိုအပ်သောစကားစုဖြစ်သည့် စာပိုဒ် ၃၂ အားဖယ်ရှားပေးရန်ပန်ကြားထားသည့် မီဒီယာဥပဒေအား [*၂၀၁၃ ခု နိုဝင်ဘာလမြန်မာသတင်းလွှာ* တွင်ကြည့်ပါ။] ပြည်သူ့လွှတ်တော်မှ အတည်ပြုမပေးနိုင်ခဲ့ဟု သတင်းများရရှိသည်။
- **ဖေဖော်ဝါရီ ၁၁ -** အမျိုးသားလွှတ်တော်သည် ငွေကြေးခဝါချမှုတိုက်ဖျက်ရေးဥပဒေကြမ်းကို အတည်ပြုပေးခဲ့သည်။ ထိုဥပဒေကြမ်းသည် ပဲရစ်မြို့တွင်ကျင်းပမည့် ငွေကြေးဆိုင်ရာလုပ်ဆောင်မှုလုပ်ငန်းအဖွဲ့ (FATF) ၏ ဖေဖော်ဝါရီလ ၁၂ မှ ၁၄ အစည်းအဝေးမတိုင်ခင် ဦးစားပေးလုပ်ဆောင်ခဲ့ကြခြင်းဖြစ်သည်။ [*၂၀၁၃ခုဇန်နဝါရီလမြန်မာသတင်းလွှာ* တွင်ကြည့်ပါ။]
- **ဖေဖော်ဝါရီ ၁၄ -** ပြည်သူ့လွှတ်တော်အစည်းအဝေးမှ အဖွဲ့အစည်းအသင်းအပင်းဆိုင်ရာဥပဒေမူကြမ်းကို အတည်ပြု ပေးခဲ့သည်။ [*၂၀၁၃ခုနိုဝင်ဘာလမြန်မာသတင်းလွှာ* တွင်ကြည့်ပါ။] ထိုမူကြမ်းသည် ၂၀၁၃ခုနိုဝင်ဘာလက ပြည်သူ့ လွှတ်တော်အစည်းအဝေးတွင် တင်ပြခဲ့သော ဒုတိယမူကြမ်းဖြစ်ကာ အစိုးရပြည်ထဲရေးဝန်ကြီးဌာနမှရေးဆွဲထားသော ယခင်ပုံစံအားအစားထိုးထားခြင်းဖြစ်သည်။ [၂၀၁၃ခုနိုဝင်ဘာလမြန်မာသတင်းလွှာ တွင်ကြည့်ပါ။]
- **ဖေဖော်ဝါရီ ၁၉ -** လွတ်လပ်စွာစုရုံးခြင်းနှင့်ဆန္ဒထုတ်ဖော်ခြင်းဥပဒေအား ပြင်ဆင်ရန် ၂၀၁၃ခုနိုဝင်ဘာလကတင်ပြခဲ့ သောမူကြမ်းအတွက် အသစ်ထပ်မံပြင်ဆင်ရန်များအား USDP ပါတီမှပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ဦးအောင်ကို က တင်ပြခဲ့သည်။ [*၂၀၁၃ခုနိုဝင်ဘာလမြန်မာသတင်းလွှာ* တွင်ကြည့်ပါ။] သို့သော်လည်း ပြင်ဆင်မှုအသစ်များမှာ ဥပဒေ၏ပုဒ်မ ၁၈ အားဖောက်ဖျက်ပါက ထောင်ဒါဏ်တနှစ်မှခြောက်လသို့လျော့ချထားမှုသာဖြစ်ကာ ဆန္ဒပြရန်

လျှောက်ထားရမှုကိုဆက်လက်ထားရှိထားပြီး လျှောက်ထားမှုကိုကျိုးကြောင်းခိုင်လုံသောအကြောင်းပြချက်ဖြင့် ပယ်ချနိုင်သည်ဟုထပ်မံဖြည့်စွက်ထားသည်။

FATF ၏အဆင့်သတ်မှတ်မှုတွင် မြန်မာနိုင်ငံ၏အဆင့်တိုးတက်လာစေရန်အတွက် ငွေကြေးခဝါချမှုတိုက်ဖျက်ရေးဥပဒေမူကြမ်းအတည်ပြုရေးလုပ်ငန်းစဉ်အား ဦးစားပေးကာ တွန်းတွန်းတိုက်တိုက်ပြုလုပ်ခဲ့ခြင်းဖြစ်ပါသည်။ သို့သော်လည်း FATF မှလက်ခံလာအောင်မလုပ်နိုင်ခဲ့ပဲ FATF ကမြန်မာနိုင်ငံသည် ၎င်း၏လုပ်ဆောင်မှုအစီအစဉ်များအား အကောင်အထည်ဖော်ရာတွင် လုံလောက်သောတိုးတက်မှုကိုမလုပ်ဆောင်နိုင်ပဲ ငွေကြေးခဝါချမှုနှင့်အကြမ်းဖက်လုပ်ရပ်များအား ငွေကြေးထောက်ပံ့မှုတို့ကို တိုက်ဖျက်ရာတွင်အားနည်းချက်များရှိနေဆဲဖြစ်သည်ဟု ပြောကြားခဲ့သည်။

ဘာသာကွဲများအကြားလက်ထပ်ထိမ်းမြားခြင်းအားကန့်သတ်သည့်အဆိုပြုချက်မူကြမ်းအားအတည်ပြုနိုင်အောင် ဦးသိန်းစိန်မှပံ့ပိုးကူညီ

ဖေဖော်ဝါရီလတွင် အသစ်ဖွဲ့စည်းထားသော အမျိုးဘာသာသာသနာစောင့်ရှောက်ကာကွယ်ရေးအဖွဲ့မှ စတင်လိုက်သော *ဘာသာကွဲများအကြားထိမ်းမြားခြင်းအားကန့်သတ်သည့်* အဆိုကြမ်းအား [*၂၀၁၃ခုဇွန်လမြန်မာသတင်းလွှာ* တွင်ကြည့်ပါ။] အထောက်အကူပေးခြင်းအားဖြင့် အစွန်းရောက်ဗုဒ္ဓဘာသာဝင်များ၏ မွတ်စလင်ဆန့်ကျင်ရေးခေါင်းစဉ်အား အစိုးရမှဆက်လက်ပံ့ပိုးမြှင့်တင်ပေးခဲ့သည်။ ဖေဖော်ဝါရီလ ၂၅ ရက်နေ့တွင် သမ္မတဦးသိန်းစိန်သည် ထိုခွဲခြားဖိနှိပ်ထားသည့်အဆိုအား အတည်ပြုနိုင်စေရန်ပံ့ပိုးပေးသည့်အားထုတ်မှုတခုအနေဖြင့် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌဦးရွှေမန်းထံသို့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များမှ ထိုကိစ္စအားဆွေးနွေးကြပါရန် တိုက်တွန်းထားသည့်စာတစောင်အားပေးပို့ခဲ့သည်။

ဖေဖော်ဝါရီလ ၂၇ ရက်နေ့တွင် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌဦးရွှေမန်းက လွှတ်တော်သို့မတင်ပြမီ လုပ်ဆောင်ရမည့်လုပ်ငန်းစဉ်နှင့်အညီ ဥပဒေကြမ်းအဖြစ်ရေးသားနိုင်ရန်အတွက် အဆိုပြုမူကြမ်း၏အပိုင်းများအား သက်ဆိုင်ရာဝန်ကြီးဌာနများသို့ပေးပို့ခဲ့သည်။

နောက်ထပ်အခြေခံဥပဒေပြန်လည်သုံးသပ်ရေးကော်မတီဖွဲ့စည်း

၂၀၁၃ ခုနှစ်ဇူလိုင်လက အဖွဲ့ဝင် ၁၀၉ ဦးပါဖွဲ့စည်းပုံအခြေခံဥပဒေပြန်လည်သုံးသပ်ရေးကော်မတီကို ဖွဲ့စည်းပြီးချိန်ကတည်းက ၇ လပြည့်သည့်အချိန်ထိတွင် [*၂၀၁၃ခုဇူလိုင်လမြန်မာသတင်းလွှာ* တွင်ကြည့် ပါ။] USDP ပါတီမှလွှမ်းမိုးထားသော လွှတ်တော်နှင့်ကော်မရှင်များသည် အရေးကြီးသောဖွဲ့စည်းပုံပြင်ဆင်ရေးနှင့်ပတ်သက်သည့် တိုးတက်ဖြစ်ထွန်းမှုများရရှိလာရန်မလုပ်ဆောင်နိုင်ခဲ့သေးပါ။ ဖေဖော်ဝါရီလ ၃ ရက်နေ့တွင် ၁၀၉ ဦးပါဖွဲ့စည်းပုံအခြေခံဥပဒေပြန်လည်သုံးသပ်ရေးကော်မတီမှအကြံပြုသော ပြင်ဆင်ရန်အချက်များကိုတပေါင်းတည်းစုစည်း၍ ပြန်လည်သုံးသပ်ရန်တာဝန်ရှိသည့် အဖွဲ့ဝင် ၃၁ ဦးပါ လွှတ်တော်ကော်မတီအသစ်တခုအား ဖွဲ့စည်းခြင်းကို အမျိုးသားလွှတ်တော်ကအတည်ပြုပေးခဲ့သည်။

ပထမကော်မတီက ၎င်းတို့၏အစီရင်ခံစာကို လွှတ်တော်ထံသို့ဇန်နဝါရီလ ၃၁ ရက်နေ့တွင်တင်ပြခဲ့သည်။ [*၂၀၁၃ခုဇန်နဝါရီလမြန်မာသတင်းလွှာ* တွင်ကြည့် ပါ။] အဖွဲ့ဝင်၃၁ ဦးပါကော်မတီအသစ်သည် အခြေခံဥပဒေပြင်ဆင်ခြင်းအတွက် အကြံပြုချက်များနှင့် သီးခြားအစီရင်ခံစာကိုလွှတ်တော်သို့တင်ရမည်ဖြစ်သည်။ ထိုကော်မတီကို USDP ပါတီမှလွှတ်တော်ကိုယ်စားလှယ် ၁၁ ဦး၊ စစ်တပ်မှလွှတ်တော်ကိုယ်စားလှယ် ၇ ဦး၊ NLD ပါတီမှလွှတ်တော်ကိုယ်စားလှယ်နှစ်ဦးတည်းနှင့် လက်တဆုတ်စာမျှသာရှိသော တိုင်းရင်းသားပါတီများမှ လွှတ်တော်ကိုယ်စားလှယ်များတို့ဖြင့် ဖွဲ့စည်းထားသည်။

တပ်မတော်မှ KIA အား ထိုးစစ်များပြင်းထန်စွာပြုလုပ်လာ

တိုင်းရင်းသားအုပ်စုများမှ ပြင်ဆင်မှုပြုလုပ်ရန် အချိန်ပိုလိုသည့်အတွက် အစိုးရနှင့်တိုင်းရင်းသားလက်နက်ကိုင်အုပ်စုများအကြား တနိုင်ငံလုံးအတိုင်းအတာအပစ်အခတ်ရပ်စဲရေးဆွေးနွေးပွဲများကို မတ်လအထိပြုလုပ်နိုင်လိမ့်မည်မဟုတ်ဟု

ဖေဖော်ဝါရီလ ၆ ရက်နေ့တွင် သတင်းများရရှိသည်။ တချိန်တည်းတွင်ပင် အစိုးရတပ်များသည် ကချင်ပြည်နယ်နှင့်ရှမ်းပြည်နယ်မြောက်ပိုင်းတို့တွင် ကချင်လွတ်မြောက်ရေးတပ်မတော် (KIA) အပေါ်ထိုးစစ်များတိုးမြှင့်ပြုလုပ်လျက်ရှိပါသည်။

- **ဖေဖော်ဝါရီ ၆** - ခမရ ၆၀၁၊ ခလရ ၂၇၆ နှင့် ၂၃၇ တို့မှအစိုးရတပ်များသည် ကချင်ပြည်နယ်မန်စီမြို့နယ်ဂွမ်ရမ်ရွာမှ KIA စခန်းအား သိမ်းယူလိုက်သည်။
- **ဖေဖော်ဝါရီ ၇** - ခမရ ၆၀၂ မှအစိုးရတပ်များသည် ကချင်ပြည်နယ်မန်စီမြို့နယ်တွင် KIA တပ်ရင်း ၁၂ အားတိုက်ခိုက်ခဲ့ကြသည်။
- **ဖေဖော်ဝါရီ ၁၀** - ခမရ ၂၆၁ နှင့် ၄၂၁ မှအစိုးရတပ်များသည် ကချင်ပြည်နယ်ဗန်းမော်မြို့နယ်ဂျာအင်ယန်းရွာအနီးတွင် ကချင်ပြည်သူ့စစ် (KIA နှင့်တွဲဖက်လုပ်ရှားသည့်ပြည်သူ့စစ်တပ်) နှင့်တိုက်ပွဲဖြစ်ပွားခဲ့သည်။
- **ဖေဖော်ဝါရီ ၁၀** - ကချင်ပြည်နယ်မိုးမောက်မြို့နယ်လိုင်ဇာအနီးမှ ခမဖပ်ကျေးရွာတွင် ခမရ ၂၆၁ မှအစိုးရတပ်များက KIA တပ်များအားတိုက်ခိုက်ခဲ့ကြသည်။
- **ဖေဖော်ဝါရီ ၁၁** - အစိုးရတပ်များနှင့် KIA တပ်ရင်း ၁၈၊ ကချင်ပြည်သူ့စစ်တို့တိုက်ပွဲဖြစ်ပွားကာ ကချင်ပြည်နယ်တောင်ပိုင်း ဗန်းမော်မြို့နယ်ဂျာအင်ယန်းရွာအနီးမှ KIA စခန်းတခုအား သိမ်းယူသွားခဲ့သည်။
- **ဖေဖော်ဝါရီ ၁၂** - အစိုးရတပ်များကကချင်ပြည်သူ့စစ်များအား တိုက်ခိုက်ခဲ့ကာ ကချင်ပြည်နယ်မိုးမောက်မြို့နယ်လိုင်ဇာအနီးမှ ဖန်မောစခန်းအားသိမ်းယူခဲ့သည်။
- **ဖေဖော်ဝါရီ ၁၂** - ကချင်ပြည်နယ်တောင်ပိုင်း ဗန်းမော်မြို့နယ် ခအုကျေးရွာအနီးမှ KIA စခန်းတခုအား ခလရ ၂၆၁ နှင့် ခမရ ၄၂၁၊ ၄၂၄၊ ၄၂၅ တို့မှ အစိုးရတပ်များက တိုက်ခိုက်ကာမီးရှို့ခဲ့ကြသည်။ အစိုးရတပ်များသည် အနီးအနားဒေသများမှ KIA တပ်များအားဆက်လက်တိုက်ခိုက်ခဲ့ကြသည်။
- **ဖေဖော်ဝါရီ ၁၂** - ကချင်ပြည်နယ်ဗန်းမော်မြို့နယ်ဂျာအင်ယန်းရွာအနီးတွင် အစိုးရတပ်များနှင့် KIA တပ်များတိုက်ပွဲဖြစ်ပွားခဲ့ကြသည်။
- **ဖေဖော်ဝါရီ ၂၂** - ရှမ်းပြည်နယ်မြောက်ပိုင်းနမ်ဂတ်ရွာအနီးတွင် ခမရ ၂၄၁ မှအစိုးရတပ်များနှင့် KIA တပ်ရင်း ၃၆ တို့တိုက်ပွဲဖြစ်ပွားခဲ့သည်။
- **ဖေဖော်ဝါရီ ၂၄** - ရှမ်းပြည်နယ်မြောက်ပိုင်းတွင် ခမရ ၁၂၃ မှအစိုးရတပ်များနှင့် KIA တပ်ရင်း ၉ တို့တိုက်ပွဲဖြစ်ပွားခဲ့ကြကာ ခမရ ၂၄၁ မှအစိုးရတပ်များနှင့် KIA တပ်ရင်း ၃၆ တို့သည် ရှမ်းပြည်နယ်မြောက်ပိုင်းမူဆယ်မြို့နယ် ဂူမီနှင့်ဘဖန်း ရွာများအနီးတွင်တိုက်ပွဲဖြစ်ပွားခဲ့သည်။
- **ဖေဖော်ဝါရီ ၂၆** - ကချင်ပြည်နယ်ဖားကန့်မြို့နယ်တွင် ခမရ ၆ မှအစိုးရတပ်များက KIA အုပ်ချုပ်ရေးရုံးကို တိုက်ခိုက်သိမ်းယူခဲ့သည်။

အစိုးရတပ်များ၏ထိုးစစ်များရှမ်းပြည်နယ်တွင်ဆက်လက်ရှိနေ

အစိုးရတပ်များသည် ရှမ်းပြည်နယ်တွင်ရှမ်းပြည်နယ်တပ်မတော် - တောင်ပိုင်း (SSA-S) နှင့် တအောင်းအမျိုးသားလွတ်မြောက်ရေးတပ်မတော် (TNLA) တို့အားထိုးစစ်များဆက်လက်ဆင်နွှဲနေခဲ့သည်။

- **ဖေဖော်ဝါရီ ၇** - ရှမ်းပြည်နယ်မြောက်ပိုင်းကျောက်မဲမြို့နယ်၊ ကျောက်မဲအနီးတွင် အစိုးရတပ်များနှင့် SSA-S တပ်များတိုက်ပွဲဖြစ်ပွားခဲ့ကြသည်။
- **ဖေဖော်ဝါရီ ၁၀** - ရှမ်းပြည်နယ်မြောက်ပိုင်းမန်တုံမြို့နယ်နမ်ယန်းရွာအနီးတွင် ခမရ ၅၀၅ နှင့် ၅၀၆ တို့မှ အစိုးရတပ်များနှင့် TNLA တပ်များတိုက်ပွဲဖြစ်ပွားခဲ့သည်။
- **ဖေဖော်ဝါရီ ၁၁** - ရှမ်းပြည်နယ်မြောက်ပိုင်းနမ့်စမ်မြို့နယ်တွင် အစိုးရတပ်များနှင့် TNLA တပ်များတို့တိုက်ပွဲဖြစ်ပွားခဲ့ကြသေးသည်။
- **ဖေဖော်ဝါရီ ၂၃/၂၄** - ရှမ်းပြည်နယ်မုံးတွန်းမြို့နယ်တလျှောက်ခရီးသွားနေကြသော SSA-S မှတပ်သားများအား ခမရ ၅၁၉၊ ၅၂၂ မှအစိုးရတပ်များနှင့်တိုင်းရင်းသားလားဟူနယ်ခြားစောင့်တပ်တို့က တိုက်ခိုက်ခဲ့ကြသည်။
- **ဖေဖော်ဝါရီ ၂၄** - ရှမ်းပြည်နယ်မြောက်ပိုင်း နမ့်ခမ်းမြို့နယ် မန်ပိန်းကျေးရွာတွင် အစိုးရတပ်များနှင့် TNLA တပ်များတိုက်ပွဲဖြစ်ပွားခဲ့သည်။

- **ဖေဖော်ဝါရီ ၂၆** - ရှမ်းပြည်နယ်မြောက်ပိုင်းမိုးမိတ်မြို့နယ်ရှုဘိမ်းရွာအနီးတွင်အစိုးရတပ်များနှင့် TNLA တပ်ရင်း ၃၆၇ တို့တိုက်ပွဲဖြစ်ပွားခဲ့ကြသည်။
- **ဖေဖော်ဝါရီ ၂၇** - ရှမ်းပြည်နယ်ကျောက်မဲမြို့နယ်ပန်းဖြတ်ရွာတွင် အစိုးရတပ်များနှင့် TNLA တပ်များတိုက်ပွဲဖြစ်ပွားခဲ့သည်။

အမျိုးသားသန်းခေါင်စာရင်းကောက်ယူရေးအပေါ်ဝေဖန်မှုများနှင့်အမြင်ကွဲပြားမှုများရှိလာ

မတ်လ ၂၉ ရက်နေ့မှ ဧပြီလ ၁၀ ရက်နေ့အထိပြုလုပ်ရန်စီစဉ်ထားသည့် အမျိုးသားသန်းခေါင်စာရင်းကောက်ယူရေးအပေါ်တိုင်းရင်းသားအုပ်စုများ၊ တဦးချင်းစီများနှင့်လူထုလူ့အဖွဲ့အစည်းများမှ ဆန့်ကျင်မှုများနှင့်ဝေဖန်မှုများ ဆက်လက်ပေါ်ထွက်လာနေဆဲဖြစ်ပါသည်။ သန်းခေါင်စာရင်းကောက်ယူမှု၏ တိုင်းရင်းသားအုပ်စုခွဲခြားသည့်နည်းလမ်းပုံစံများကြောင့် နိုင်ငံရေးဆိုင်ရာတန်ပြန်သက်ရောက်မှုများရှိလာနိုင်သည်ဟုသူတို့က သတိပေးပြောကြားထားသည်။ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်ရွေးကောက်ပွဲဥပဒေများက တိုင်းရင်းသားအုပ်စုများအား ဒေသအစိုးရကိုယ်စားပြုမှုကိုသာပေးအပ်ထားပြီး ၎င်းသည်လည်းလူဦးရေအကန့်အသတ်ပြဿနာများနှင့်ကြုံတွေ့နေရကြောင့် သူတို့အားအခြားလူမျိုးများအဖြစ်သွေးနှောလွှမ်းမိုးသွားကာ သူတို့၏လူမျိုးသတ်မှတ်မှု၊ နိုင်ငံရေးကိုယ်စားပြုများ အငြင်းပယ်ခံရမည့်အဖြစ်မျိုးရောက်ရှိသွားမည်ဆိုသောပူပန်မှုမျိုးကို အချို့အုပ်စုများအတွင်းဖြစ်ပေါ်နေစေပါသည်။ ထို့အပြင်လေ့လာသူများက ၁၉၈၃ ခု သန်းခေါင်စာရင်းသည် မြန်မာနိုင်ငံရှိမွတ်စလင်ဦးရေအားလျော့ပေါ့ဖော်ပြထားသည့်အတွက် လက်ရှိသန်းခေါင်စာရင်းကောက်ယူမှုမှရရှိမည့် မွတ်စလင်လူဦးရေပမာဏသည်သုံးဆခန့်ရှိလာနိုင်ကာ ထိုရလဒ်အားသိရှိခဲ့ကြပါက မြန်မာနိုင်ငံအားမွတ်စလင်များမှကြီးစိုးနေသည်ဟူသော အစွန်းရောက်အယူအဆကိုအတည်ပြုပေးလိုက်သလိုဖြစ်သွားပြီး မွတ်စလင်များအပေါ်အကြမ်းဖက်မှုများအား မီးထိုးပေးလိုက်သလိုဖြစ်သွားနိုင်သည်ဟူသည့် သူတို့၏စိုးရိမ်ပူပန်မှုကိုလည်း ထုတ်ဖော်ပြောကြားကြသည်။ ထိုသို့သန်းခေါင်စာရင်းကောက်ယူမှုအပေါ် စိုးရိမ်ပူပန်ကြောင်းပြောကြားကြသောအဖွဲ့များတွင် နိုင်ငံများအကြားအင်စတီကျု့ (TNI)၊ ICG နှင့်မြန်မာ့အရေးလှုပ်ရှားမှု UK တို့လည်းပါဝင်ပါသည်။

- **ဖေဖော်ဝါရီ ၂** - တိုင်းရင်းသားညီအကိုများအဖွဲ့ (NBF) ကကြေငြာချက်တစောင်ထုတ်ပြန်လိုက်ကာ အစိုးရမှသူတို့၏ သန်းခေါင်စာရင်းကောက်ယူမှုလုပ်ငန်းစဉ်ကို ပြန်လည်သုံးသပ်ပါရန်တိုက်တွန်းလိုက်သည်။ သန်းခေါင်စာရင်းတွင် တိုင်းရင်းသားအုပ်စုများနှင့်အုပ်စုခွဲငယ်များဟု အဆင့်ခွဲလိုက်ခြင်းသည် တိုင်းရင်းသားလူမျိုးများအကြားစည်းလုံးမှုကို ပျက်ပြားသွားစေသည်ဟု NBF ကသတိပေးပြောကြားလိုက်သည်။
- **ဖေဖော်ဝါရီ ၁၀** - ချင်းတိုင်းရင်းသားတက်ကြွလှုပ်ရှားသူများမှ သမ္မတဦးသိန်းစိန်၊ အစိုးရလူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဦးခင်ရီနှင့် ဗဟိုသန်းခေါင်စာရင်းကောက်ယူမှုကော်မရှင်ဥက္ကဋ္ဌတို့သို့ပေးပို့သောစာထဲတွင် သန်းခေါင်စာရင်းကောက်ယူမှုအားရက် ၃၀ နောက်ဆုတ်ပေးပါရန် တောင်းဆိုထားသည်။
- **ဖေဖော်ဝါရီ ၁၇** - တိုင်းရင်းသားအခြေပြု နိုင်ငံရေးပါတီများနှင့်လူထုအခြေပြုအဖွဲ့များမှ ကြေငြာချက်တစောင်ထုတ်ပြန်လိုက်ကာ အမျိုးသားသန်းခေါင်စာရင်းကောက်ယူမှုမစတင်ခင်တွင် မြန်မာနိုင်ငံမှတိုင်းရင်းသားအုပ်စုများ၏ အရေအတွက်အသေးစိတ်ကို ပြန်လည်စမ်းစစ်ပေးပါရန် အစိုးရအားတောင်းဆိုလိုက်ကြသည်။
- **ဖေဖော်ဝါရီ ၁၇** - ပလောင်ပြည်နယ်လွတ်မြောက်ရေးတပ်ဦး (PSLF) တအောင်းလူမျိုးများ (ပလောင်၏အခြားနာမည်) အား ရှမ်းလူမျိုးများ၏အနွယ်အုပ်စုတွင်ထည့်သွင်းခြင်းကို ကန့်ကွက်ခဲ့သည်ဟုသတင်းများရရှိခဲ့သည်။
- **ဖေဖော်ဝါရီ ၁၈** - ကချင်အရပ်သားအုပ်စု ၂၃ ခုက သမ္မတဦးသိန်းစိန်နှင့်ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌဦးရွှေမန်းထံသို့ စာများပေးပို့ကာ သန်းခေါင်စာရင်းကောက်ယူမှုအားရက်ရွှေ့ဆိုင်းရန်တောင်ဆိုလိုက်သည်ဟု သတင်းရရှိသည်။
- **ဖေဖော်ဝါရီ ၁၈** - ထင်ရှားသောကချင်တက်ကြွလှုပ်ရှားသူဖြစ်သည့် မခွန်ဂျာကတိုင်းရင်းသားလူဦးရေများအား ကိုယ်စားပြုမည့် ထိုသန်းခေါင်စာရင်းကောက်ယူမှုအား လူထုလူ့အဖွဲ့အစည်းများနှင့် ပထမဦးစွာညှိနှိုင်းမှုမရှိပဲလုပ်ဆောင်မည်ဆိုပါက နှောင့်နှေးသွားအောင်လုပ်ဆောင်သွားမည်ဟု ပြောကြားလိုက်သည်။

အစိုးရကထူးမခြားနားသာ တုန့်ပြန်ခဲ့ကာ ညှိနှိုင်းရန်လည်းငြင်းဆန်ခဲ့သည်။ ဖေဖော်ဝါရီလ ၁၀ ရက်နေ့တွင် ရန်ကုန်၌ပြုလုပ်သော သတင်းစာရှင်းလင်းပွဲ၌ အစိုးရလူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဦးခင်ရီက သန်းခေါင်စာရင်းကောက်ယူမှုကို နိုင်ငံတကာစံနှုန်းများနှင့်အညီပြုလုပ်သွားမည်ဟု ပြောကြားခဲ့သည်။ ဦးခင်ရီက လူများအား သူတို့ကိုယ်ကိုသူတို့ရိုဟင်ဂျာဟု သတင်းပို့ရန်ခွင့်ပြုထားသော်လည်း အစိုးရအနေဖြင့်နိုင်ငံသားအဖြစ်မှုအသိအမှတ်ပြုမည်မဟုတ်ဟု ပြောကြားလိုက်သည်။ ဖေဖော်ဝါရီလ ၂၇ ရက်နေ့တွင် တိုင်းရင်းသားအဖွဲ့အစည်း ၁၀ ခုမှကိုယ်စားလှယ်များသည် ဦးခင်ရီနှင့်တွေ့ဆုံကာ တိုင်းရင်းသားအုပ်စုများခွဲခြားသတ်မှတ်ခြင်းနှင့်ပတ်သက်၍ သူတို့၏ပူပန်မှုများကိုဖော်ထုတ်ပြောကြားရန်အတွက် သန်းခေါင်စာရင်းကောက်ယူမှုပြီးသည်အထိစောင့်ဆိုင်းသွားရန် သဘောတူခဲ့ကြသည်။

မြေယာသိမ်းယူမှုဆန့်ကျင်ဆန္ဒပြသူများအား အစိုးရအာဏာပိုင်များမှဖမ်းဆီး၊ထိန်းသိမ်း၊အရေးယူ

မြေယာသိမ်းယူမှု ဆန့်ကျင်ဆန္ဒပြသည့်တက်ကြွလှုပ်ရှားသူများအား အစိုးရအာဏာပိုင်များမှဖမ်းဆီး၊ထိန်းသိမ်း၊အရေးယူမှုများ ဆက်လက်ပြုလုပ်နေကြသည်။

- **ဖေဖော်ဝါရီလ ၃** - မန္တလေးတိုင်းမြင်းခြံမြို့နယ်တွင် မြေယာအငြင်းပွားမှုနှင့်ပတ်သက်သောဆန္ဒပြပွဲအား စည်းရုံးခဲ့သူလေးဦးအား ဒေသခံအာဏာပိုင်များက ငြိမ်းချမ်းစွာစုရုံးခွင့်၊ဆန္ဒပြခွင့်ဥပဒေ၊ ပုဒ်မ ၁၈ ဖြင့်တရားစွဲဆိုခဲ့ကြသည်။
- **ဖေဖော်ဝါရီ ၅** - စစ်ကိုင်းတိုင်းဆားလင်းကြီးမြို့နယ်မှ မုံရွာ (လက်ပံတောင်း) ကြေးနီမိုင်းစီမံကိန်းအား တိုးချဲ့ရန်အတွက် သိမ်းယူထားခြင်းမရှိသေးသည့်မြေများအပေါ်သို့ ခြံစည်းရိုးများတိုးချဲ့ကာရုံလာသည့် ဝမ်ပေါင်ကုမ္ပဏီမှဝန်ထမ်းနှင့်ရဲအယောက် ၁၀၀၀ နီးပါးအား ရပ်တန့်ပေးပါရန်တောင်းဆိုပန်ကြားသည့်အနေဖြင့် ဒေသခံအယောက် ၃၀ ခန့်တို့မှဆန္ဒပြခဲ့ကြသည်။ ထိုဆန္ဒပြမှုမှ ရဲနှင့်ဆန္ဒပြသူများအကြား ထိပ်တိုက်ရင်ဆိုင်မှုအသွင်သို့ပြောင်းလဲသွားခဲ့သည်။ ဒေသခံရဲများက သွဲ့သွဲ့ဝင်း၊မစိန်၊ကိုရဲချို၊ကိုအာနိုး၊ကိုမြင့်နိုင်ဝင်း၊ကိုသိုက်ထွန်းရွှေ၊မဖြူဖြူဝင်းနှင့်မဆဲတင်တို့အပါအဝင် ဆန္ဒပြသူများအားယာယီဖမ်းဆီးထိန်းသိမ်းခဲ့သည်။
- **ဖေဖော်ဝါရီ ၁၁** - ပဲခူးတိုင်းပန်းတောင်းမြို့နယ်တွင် ၂၀၁၃ခုနှစ်ကဖြစ်ခဲ့သော လယ်ယာမြေအငြင်းပွားမှုနှင့်ပတ်သက်သည့်သူတို့၏ တရားရုံးကြားနာမှုသို့ တက်ရောက်လာခဲ့သည့်လယ်သမား ၆ ဦးအားဒေသခံအာဏာပိုင်များက ဖမ်းဆီးလိုက်သည်။
- **ဖေဖော်ဝါရီ ၁၁** - ဒေသခံမြေယာအခွင့်အရေးလှုပ်ရှားသူအုပ်စုတခုဖြစ်သည့် နတ္တလင်းပြည်သူ့ကွန်ယက်၏အဆိုအရ ၂၀၀၀ ခုနှစ်က စစ်တပ်မှသိမ်းယူသွားသောမြေယာများအားပြန်လည်ပေးအပ်ရန်အတွက် တောင်းဆိုရန်ဆန္ဒပြပွဲအား စည်းရုံးပြုလုပ်ခဲ့သည့်အတွက် ပဲခူးတိုင်းသဲကုန်းမြို့နယ်အွန်ကုန်းကျေးရွာမှ လယ်သမားလေးဦးအား ဒေသခံအာဏာပိုင်များက ငြိမ်းချမ်းစွာစုရုံးခွင့်နှင့်ဆန္ဒပြခွင့်ဥပဒေ ပုဒ်မ ၁၈ အရတရားစွဲဆိုခဲ့ကြသည်။ ဖေဖော်ဝါရီလ ၁၂ ရက်နေ့တွင် ထိုလေးဦးအားအာမခံဖြင့်လွှတ်ပေးခဲ့သည်။
- **ဖေဖော်ဝါရီ ၁၁** - စစ်ကိုင်းတိုင်းဆားလင်းကြီးမြို့နယ်တွင် ၂၀၁၃ခုနှစ်က ဒေသခံရွာသားများနှင့်တရုတ်ဝမ်ပေါင်ကုမ္ပဏီမှဝန်ထမ်းများအကြား ထိပ်တိုက်ဖြစ်မှုနှစ်ခုနှင့်ပတ်သက်၍ စွပ်စွဲခံထားရခြင်းနှင့်ဆက်စပ်ကာ တက်ကြွလှုပ်ရှားသူ ကိုသော်ဇင်အား အရပ်ဝတ်ရဲအရာရှိများကဖမ်းဆီးခဲ့ကြသည်။
- **ဖေဖော်ဝါရီ ၁၇** - ပြီးခဲ့သည့်သီတင်းပတ်က ဒေသရဲစခန်းရှေ့တွင်ဆန္ဒပြခဲ့သည့်အတွက် လက်ပံတောင်းရွာသားလေးဦးအား ငြိမ်းချမ်းစွာစုရုံးခွင့်၊ဆန္ဒပြခွင့်ဥပဒေ၊ ပုဒ်မ ၁၈ ဖြင့်ရဲများက စွဲဆိုခဲ့ကြသည်ဟု သတင်းရရှိပါသည်။ ထိုအုပ်စုသည် ထင်ရှားသောလက်ပံတောင်းတက်ကြွလှုပ်ရှားသူ ကိုသော်ဇင်အားပြန်လွှတ်ပေးရန်အတွက် ဆန္ဒပြခဲ့ကြခြင်းဖြစ်သည်။

လူ့အခွင့်အရေး

ကုလသမဂ္ဂ - ပြင်းထန်သောစိန်ခေါ်မှုများကြောင့် မြန်မာနိုင်ငံ၏ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်အားပျက်စီးစေနိုင်

ဖေဖော်ဝါရီလ ၁၃ ရက်နေ့တွင် သောမတ်စ်ဒီဂျေကွင်တားနားသည် ကုလသမဂ္ဂမြန်မာနိုင်ငံဆိုင်ရာလူ့အခွင့်အရေးအထူးကိုယ်စားလှယ်တာဝန်၏ နောက်ဆုံးခရီးစဉ်အဖြစ်မြန်မာနိုင်ငံသို့ ခြောက်ရက်တာလာရောက်ရန် ရန်ကုန်မြို့သို့

ဆိုက်ရောက်လာခဲ့သည်။ အိုဂျေကွင်တားနားသည် ရခိုင်ပြည်နယ်စစ်တွေမြို့၊ ကချင်ပြည်နယ်မြစ်ကြီးနားနှင့်လိုင်ဇာ၊ ရန်ကုန်တိုင်းမှသီလဝါအထူးစီးပွားရေးဇုံ၊ စစ်ကိုင်းတိုင်းမှမုံရွာကြေးနီမိုင်းတို့သို့သွားရောက်ခဲ့သည်။ နေပြည်တော်တွင် အထူးကိုယ်စားလှယ်သည် ဝန်ကြီးများ၊အရာရှိများ၊ ဒေါ်အောင်ဆန်းစုကြည်၊ အခြားလွှတ်တော်ကိုယ်စားလှယ်များနှင့် တွေ့ဆုံခဲ့သည်။ ရန်ကုန်တွင် သူသည် တက်ကြွလှုပ်ရှားသူများ၊ လူထုအခြေပြုအဖွဲ့အစည်းများ၊ အင်းစိန်အကျဉ်းထောင်မှ နိုင်ငံရေးအကျဉ်းသား ၂ ဦးတို့နှင့်တွေ့ဆုံခဲ့သည်။

ဗုဒ္ဓဘာသာရခိုင်အသိုင်းအဝိုင်းမှလူများက အိုဂျေကွင်တားနား၏ခရီးစဉ်အတွင်းတွင် အနှောက်အယှက်ပေးခဲ့ကြသည်။ ဖေဖော်ဝါရီလ ၁၄ ရက်နေ့တွင် ရခိုင်ပြည်နယ်၊ စစ်တွေမှရခိုင်ဒေသခံများသည် သူလာရောက်မှုအားဆန့်ကျင်ဆန္ဒပြကြသည်။ ဆန္ဒပြသူများက အထူးကိုယ်စားလှယ်အား သူ၏အစီရင်ခံစာများထဲတွင် ရိုဟင်ဂျာများအားဦးစားပေးဘက်လိုက်ထားသည်ဟုစွပ်စွဲခဲ့ကြ၍ သူ့အားပြန်လည်ထွက်ခွါသွားပါရန်တောင်းဆိုခဲ့ကြသည်။

ဖေဖော်ဝါရီလ ၁၉ ရက်နေ့ ခရီးစဉ်ပြီးဆုံး၍မြန်မာနိုင်ငံမှ ပြန်လည်မထွက်ခွါမီတွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ အိုဂျေကွင်တားနားသည် ကြေငြာချက်တစောင်ထုတ်ပြန်ခဲ့သည်။ ထိုအစီရင်ခံစာက ရခိုင်ပြည်နယ်အခြေအနေကဲ့သို့သော စိန်ခေါ်မှုအမြောက်အများရှိနေပြီး ၎င်းတို့ကိုမဖြေရှင်းပဲထားပါက မြန်မာနိုင်ငံ၏ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်တခုလုံးအား ပျက်စီးသွားစေနိုင်ပါသည်ဟု ဖော်ပြထားသည်။ သူက အောက်ပါစိုးရိမ်ဖွယ်ရာကိစ္စများကို မီးမောင်းထိုးပြထားခဲ့သည်။

- နိုင်ငံ၏အဖွဲ့အစည်းများတွင် စစ်တပ်သည်အခွင့်ထူးခံအဖြစ်ဆက်လက်ရပ်တည်နေဆဲဖြစ်သည်။
- တရားစီရင်ရေးတွင်လွတ်လပ်မှုမရှိပါ။
- ရခိုင်ပြည်နယ် ဒူးချီးယားတန်းကျေးရွာအကြမ်းဖက်မှုအား စုံစမ်းစစ်ဆေးမှုများသည် လွတ်လပ်မှုမရှိသော၊ ယုံကြည်အားကိုးနိုင်ဖွယ်ရာမရှိသောကြောင့် နိုင်ငံတကာစံနှုန်းများဖြင့်ကိုက်ညီမှုမရှိပါ။
- အစိုးရသည်တိုင်းရင်းသားလက်နက်ကိုင်အုပ်စုများအားလုံးနှင့် အပစ်အခတ်ရပ်စဲကာ နိုင်ငံရေးအရသဘောတူညီမှုမရရှိနိုင်သေးပါ။
- ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်သက်ဆိုင်သော တိုင်းရင်းသားအုပ်စုများ၏တောင်းဆိုချက်များကို ကိုင်တွယ်ဖြေရှင်းမပေးနိုင်သေးပါ။
- ငြိမ်းချမ်းစွာစုရုံးခြင်းနှင့်ဆန္ဒပြခြင်းဥပဒေ၊ အသင်းအဖွဲ့ဖွဲ့စည်းခြင်းဥပဒေ၊ ပုံနှိပ်နှင့်စာအုပ်ထုတ်ဝေရေးဥပဒေများသည် နိုင်ငံတကာလူ့အခွင့်အရေးစံနှုန်းများဖြင့် ကိုက်ညီခြင်းမရှိပါ။
- အစိုးရသည် မြေယာများသိမ်းဆည်းခြင်း၊ အတင်းအကြပ်ပြောင်းရွှေ့ခြင်း၊ လူမှုဘဝများပျောက်ဆုံးရခြင်း (စားဝတ်နေရေးထိခိုက်ခြင်း)နှင့်မုံရွာကြေးနီမိုင်းစီမံကိန်းကြောင့်ဖြစ်သော ကျန်းမာရေးပြဿနာများကို ကိုင်တွယ်မဖြေရှင်းပေးပါ။

အိုးအိမ်မှဖယ်ရှားခံရခြင်းများ

ရိုဟင်ဂျာများအားထိုင်းနိုင်ငံမှလူကုန်ကူး၊ ဘင်္ဂလားဒေ့ရှ်မှပြန်မောင်းထုတ်

ဖေဖော်ဝါရီလ ၁၃ ရက်နေ့တွင် ၂၀၁၃ခုနှစ် စက်တင်ဘာလနှင့်နိုဝင်ဘာလအတွင်း၌ ရိုဟင်ဂျာအယောက် ၁၃၀၀ အား မြန်မာနိုင်ငံသို့ပြန်ပို့ပြီးဖြစ်သည်ဟု ထိုင်းရဲများကပြောကြားသည်။ ၂၀၁၃ခုနှစ်အောက်တိုဘာလကတည်းက ထိုင်းနိုင်ငံမှအကောင်အထည်ဖော်ခဲ့သော လျှို့ဝှက်မူဝါဒအရ ရိုဟင်ဂျာများကိုပြန်ပို့ရမည့်အစား ရဲများကမလေးရှားသို့ ပို့ဆောင်ပေးမည့်လူကုန်ကူးသူများထံသို့ လွှဲပြောင်းပေးခဲ့သည်ဟု ထိုင်းရဲတဦးကဖေဖော်ဝါရီလ ၁၄ ရက်နေ့တွင် ဝန်ခံပြောဆိုခဲ့သည်။

ထိုအချိန်တွင် ဘင်္ဂလားဒေ့ရှ်ကရိုဟင်ဂျာများအားခိုလှုံခွင့်ပေးရန် အမေရိကန်၏တောင်းဆိုချက်ကိုလစ်လျူရှု့ကာ မြန်မာနိုင်ငံသို့ဆက်လက်၍ ပြန်မောင်းထုတ်ခဲ့သည်။

- **ဖေဖော်ဝါရီ ၈၊ ၉** - ဘင်္ဂလားဒေ့ရှ်နယ်ခြားစောင့်တပ် (BGB) က ဘင်္ဂလားဒေ့ရှ်နိုင်ငံတက်ကနက်တွင် ရိုဟင်ဂျာအယောက် ၄၀ အားဖမ်းဆီးကာ မြန်မာနိုင်ငံသို့ပြန်မောင်းထုတ်ခဲ့သည်။
- **ဖေဖော်ဝါရီ ၁၁** - ဘင်္ဂလားဒေ့ရှ်ကမ်းခြေစောင့်တပ်မှတပ်သားများသည် ဘင်္ဂလားဒေ့ရှ်နိုင်ငံ စိန့်မာတင်ကျွန်းအနီးတွင် ငါးဖမ်းလှေနှစ်စီးအားတားဆီးကာ ရိုဟင်ဂျာအချို့အပါအဝင် မလေးရှားသို့လူကုန်ကူးခံရသည့်လူ ၂၀၀ အားဖမ်းဆီးခဲ့သည်။

စီးပွားရေး

အစိုးရမှ EITI အထွေထွေသက်ဆိုင်သူအုပ်စုအား ခန့်အပ်မှုကိုနောက်ဆုံးပြုလုပ်

ဖေဖော်ဝါရီလ ၈ ရက်နေ့တွင် အစိုးရသည် လူထုလူ့အဖွဲ့အစည်းများနှင့်ပုဂ္ဂလိကလုပ်ငန်းများမှ ကိုယ်စားလှယ်များနှင့် ပူးပေါင်းကာ မြန်မာနိုင်ငံ၏အဖွဲ့ဝင် ၂၃ ဦးပါဝင်သော အရင်းအမြစ်ထုတ်ယူမှုဆိုင်ရာစက်မှုလုပ်ငန်းပွင့်လင်းမြင်သာရေး ရှေ့ဆောင် EITI အထွေထွေသက်ဆိုင်သူများအုပ်စုကို ခန့်အပ်ခြင်းအားအပြီးသတ်ခဲ့သည်။

ထိုအထဲမှ ၈ ဦးမှာ ဥက္ကဋ္ဌ ဘဏ္ဍာရေးဝန်ကြီးဦးမောင်မောင်သိန်းနှင့် ဒုဥက္ကဋ္ဌ လျှပ်စစ်စွမ်းအားဝန်ကြီးဦးမြင့်ဇော်တို့အပါအဝင် အစိုးရမှခန့်အပ်သူများဖြစ်သည်။ ခြောက်ယောက်မှာ မလေးရှားအစိုးရပိုင် ပက်ထရိုနပ်စ် Petronas၊ ပြင်သစ်ပိုင် တိုတယ် Total၊ အစိုးရထိန်းချုပ်ထားသော မြန်မာ့ရေနံနှင့်သဘာဝဓါတ်ငွေ့လုပ်ငန်း (MOGE)၊ မြန်မာ့ MPRL E&Pတို့မှ ကိုယ်စားလှယ်များအပါအဝင် စီးပွားရေးလုပ်ငန်းများမှရွေးချယ်တင်မြောက်ထားသူများဖြစ်သည်။ ကိုးယောက်မှာ လူထုလူ့အဖွဲ့အစည်းများမှ ရွေးချယ်တင်မြောက်ထားခြင်းဖြစ်ပါသည်။

ထိုအုပ်စုသည် EITI ၏နိုင်ငံတကာစံနှုန်းများအရ အရင်းအမြစ်ထုတ်နုတ်မှုဆိုင်ရာစက်မှုလုပ်ငန်းများမှရရှိသော ပုဂ္ဂလိကနှင့်အစိုးရအခွန်ငွေများနှင့်ပတ်သက်ပြီး ပွင့်လင်းမြင်သာမှုကိုသေချာစေရန်တာဝန်ရှိမည်ဖြစ်သော်လည်း ထိုစက်မှုလုပ်ငန်းများကြောင့်ဖြစ်ပေါ်လာမည့် လူမှုရေးနှင့်သဘာဝပတ်ဝန်းကျင်ဆိုင်ရာ အခွင့်အရေးများချိုးဖောက်ခံရခြင်းကိုမူကိုင်တွယ်ဖြေရှင်းမည်မဟုတ်ပေ။

ဖေဖော်ဝါရီလအတွင်းမြန်မာနိုင်ငံဆိုင်ရာအခြားသတင်းများ

၁	နေပြည်တော်တွင် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌဦးရွှေမန်းက ပြဌာန်းချက်တချို့သည် လက်ရှိလက်တွေ့နှင့်ကိုက်ညီမှုမရှိဟုပြောကြားလိုက်ကာ တဘက်သတ်ဖွဲ့စည်းပုံအခြေခံဥပဒေကိုပြင်ဆင်ရန်အတွက် တောင်းဆိုလိုက်သည်။
၂	ရဲများပိုမိုချထားပေးဂုန်၊ ၁၉၈၂ နိုင်ငံသားပြုမှုအက်ဥပဒေကို တိကျစွာကျင့်သုံးပေးရန်နှင့် UN နှင့် INGO ကိုယ်စားလှယ်များအားဖယ်ရှားရန် စသည်တို့ကိုတောင်းဆိုရန်အတွက် ရခိုင်ပြည်နယ်စစ်တွေတွင် ဒေသခံရခိုင် ၃၀၀၀ ခန့်တို့သည်ရိုဟင်ဂျာများအားဆန့်ကျင်ဆန္ဒပြခဲ့ကြသည်။
၂	စက်ရုံမှထွက်သောမီးခိုးများကြောင့် လူ ၂၀၀ နီးပါးခန့်ဖျားနာခဲ့ရသည့်အတွက် ထိုလုပ်ငန်းများအားရပ်ဆိုင်းပေးပါရန်တောင်းဆိုရန်အတွက် စစ်ကိုင်းတိုင်းဆားလင်းကြီးမြို့နယ် ကံကုန်းကျေးရွာမှဒေသခံရွာသား ၅၀၀ တို့သည်ဦးပိုင်မှပိုင်ဆိုင်သော မိုးကြီးဆာလဖျူရစ်အက်ဆစ်စက်ရုံသို့ ချီတက်ဆန္ဒပြခဲ့ကြသည်။
၂	ဒေါ်အောင်ဆန်းစုကြည်အား သမ္မတမဖြစ်စေရန်ထားမြစ်ထားသည့် ပုဒ်မ ၅၉ (စ) အားမည်သည့်အတွက်ကြောင့် ဖွဲ့စည်းပုံအခြေခံဥပဒေထဲတွင်ဆက်လက်ရှိနေသင့်သည်ကို လွှတ်တော်ဖွဲ့စည်းပုံအခြေခံဥပဒေပြန်လည်သုံးသပ်ရေးကော်မတီမှ အကြောင်းပြချက်မပြပဲ လက်မှတ်များသာထိုးခဲ့သည်ဟု NLD အဖွဲ့ဝင်ဦးဇော်မြင့်ဦးကပြောကြားလိုက်သည်။
၃	ဒေသခံစာနယ်ဇင်းအဖွဲ့များဖြစ်သည့် မြန်မာသတင်းသမားများအဖွဲ့၊ မြန်မာစာနယ်ဇင်းသမဂ္ဂ၊ မြန်မာသတင်းထောက်များကွန်ယက်နှင့်ပန်မြန်မာအဖွဲ့တို့မှ ပူးတွဲကြေငြာချက်တစောင်ထုတ်ပြန်လိုက်ကာ ယူနတီအပတ်စဉ်ဂျာနယ်မှ သတင်းထောက်လေးယောက်နှင့် CEO တို့အား ၁၉၂၃ ခုနှစ်နိုင်ငံတော်လျှို့ဝှက်ချက်အက်ဥပဒေဖြင့်ဖမ်းဆီးလိုက်ခြင်းကိုရှုံ့ချလိုက်သည်။
၄	မကွေးတိုင်းမကွေးမြို့နယ်မှရွာသားများအား ဇန်နဝါရီလ ၂၈ ရက်နေ့က ရိုင်းစိုင်းစွာပြောဆိုခဲ့သည့်အတွက် အစိုးရ၏မွေးမြူရေး၊ရေလုပ်ငန်းနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဦးအုန်းမြင့်အား အစိုးရမှချက်ချင်းအရေးယူပေးပါရန် NLD ပါတီ၏လောင်းလုံးမြို့နယ်လွှတ်တော်ကိုယ်စားလှယ်ဦးအောင်စိုးကတောင်းဆိုလိုက်ကာ ထိုနေရာတွင်ဦးအုန်းမြင့်သည် ရေတွင်းများပိုမိုတူးပေးပါရန်ပြောကြားခဲ့သော ဒေသခံရွာသားများအား ပါးရိုက်မည်ဟုခြိမ်းခြောက်ခဲ့သည်။

၅	သမ္မတဦးသိန်းစိန်နှင့်အစိုးရအရာရှိများသည် လူ့အခွင့်အရေးစောင့်ကြည့်ရေးအဖွဲ့နှင့် နေပြည်တော်တွင်တွေ့ဆုံခဲ့ကြသည်။
၆	ပြည်သူ့အကျိုးဆောင်ကွန်ယက်နှင့်ဒီမိုကရေစီအင်အားစုအုပ်စုတို့မှ တက်ကြွလှုပ်ရှားသူ ၁၅၀ ကျော်တို့သည် ရန်ကုန်မြို့အလုံမြို့နယ်တွင် အခြေခံဥပဒေမှုပုဒ်မ ၅၉ (င) နှင့် ၅၉ (စ)တို့အားပြောင်းလဲရန်တောင်းဆိုသည့်အနေဖြင့် ချီတက်ဆန္ဒပြမှုတခုပြုလုပ်ခဲ့ကြသည်။
၆	ရခိုင်ပြည်နယ်မောင်တောမြို့နယ်ဒူးချီးယားတန်းကျေးရွာတွင် မွတ်စလင်ရိုဟင်ဂျာ ၄၀ ဦးတို့အားသတ်ဖြတ်ခဲ့သည်ဟူသောသူတို့၏အစီရင်ခံစာများထွက်လာအပြီးတွင် ရခိုင်ပြည်နယ်ဘူးသီးတောင်တွင်ရခိုင်ဆန္ဒပြသူ ၁၀၀၀ ကျော်တို့က UN၊ MSF တို့နှင့်အတူ အခြားနိုင်ငံတကာကူညီကယ်ဆယ်ရေးအေဂျင်စီများအား သူတို့၏လုပ်ငန်းများအား ဒေသတွင်းမှ ရုပ်သိမ်းထွက်ခွာသွားပါရန်တောင်းဆိုခဲ့သည်။
၆	ရခိုင်ပြည်နယ်မောင်တောမြို့နယ် ပဒင်ရွာတွင်အမျိုးသမီးတဦးအား ရဲမှမုဒိမ်းကျင့်ရန်ကြိုးစားခဲ့သည်။
၆	အမေရိကန်မှမြန်မာနိုင်ငံသို့ကုန်တင်ပို့ရန် ရေတိုနှင့်ရေလတ်ကန်ထရိုက်များအတွက် ချေးငွေနှင့်အရင်းအနှီးများစတင်ပံ့ပိုးသွားမည်ဟု အမေရိကန် ExIm ဘဏ်မှကြေငြာလိုက်သည်။
၆	ဥပဒေပြုရေးပြုပြင်ပြောင်းလဲမှုသည်မပြည့်စုံသေးသည့်အတွက်လူ့အခွင့်အရေးစောင့်ကြည့်ရေးအဖွဲ့အမှုဆောင်ညွှန်ကြားရေးမှူး ကန်နက်ရို့ Kenneth Roth က ပြည်သူများသည်နိုင်ငံရေးအခြေခံဖြင့် ဆက်လက်ဖမ်းဆီးတရားစွဲခံနေရဦးမည်ဟု ပြောကြားလိုက်သည်။
၇	နိုင်ငံရေးအကျဉ်းသားများကူညီစောင့်ရှောက်ရေးအဖွဲ့က မြန်မာနိုင်ငံတွင် အနည်းဆုံးအကျဉ်းသား ၃၃ ဦးခန့်အကျဉ်းချခံနေရဆဲဖြစ်ကာ ၂၀၁၄ ခုနှစ် နှစ်စကတည်းက နိုင်ငံရေးအကြောင်းပြချက်ဖြင့် အနည်းဆုံး ၁၀ ဦးခန့်ဖမ်းဆီးခံခဲ့ရသည်ဟု ပြောကြားလိုက်သည်။
၉	မန္တလေးတိုင်းချမ်းမြသာစည်မြို့နယ်တွင် NLD မှဦးစီးကျင်းပသော ဆန္ဒပြပွဲ၌အခြေခံဥပဒေမှ ပုဒ်မ ၅၉ (စ)အားပြင်ဆင်ပေးရန် တောင်းဆိုရန်အတွက် ဆန္ဒပြသူရာပေါင်းများစွာတို့ စုရုံးခဲ့ကြသည်။
၁၀	NLD နှင့် ၈၈ မျိုးဆက်ကျောင်းသားများအဖွဲ့တို့သည်ပူးတွဲကြေငြာချက်တစောင်ကိုထုတ်ပြန်လိုက်ကာ စစ်မှန်သောဒီမိုကရေစီရရှိရန်နှင့် ဖက်ဒရယ်ပြည်ထောင်စုတည်ထောင်နိုင်ရန်အတွက် ကြိုးပမ်းသည့်အနေဖြင့် ၂၀၁၅ခုနှစ်မတိုင်ခင်တွင် အခြေခံဥပဒေပြင်ဆင်ရေးအား အတူတကွလုပ်ဆောင်သွားကြရန် ကတိပြုထားကြသည်။
၁၀	အစိုးရလူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဦးခင်ရီက သန်းခေါင်စာရင်းကောက်ယူမှုသည် အငြင်းပွားနေသော တိုင်းရင်းသားအုပ်စုများမပါဝင်သည့် တရားဝင်သော၊ ရှည်ကြာစွာကတည်းကလက်ခံထားသော တိုင်းရင်းသားစာရင်းကို အသုံးပြုသွားမည်ဖြစ်သည်ဟု ပြောကြားလိုက်သည်။
၁၀	အစိုးရသတင်းစာဖြစ်သော New Light of Myanmar ကယနေ့အထိ လယ်သမား ၃၆၉ ယောက်တို့သည် သိမ်းယူခံရသော လယ်ဧက ၁၀၇၉.၃၅ ဧကအတွက် လျော်ကြေးငွေ ကျပ် ၇၀၃ သန်း (အမေရိကန်ဒေါ်လာ ၇၁၃၀၀၀) ကိုလက်ခံရယူပြီးဖြစ်ကြောင်း သတင်းဖော်ပြထားသည်။
၁၁	UNOCHA လူထုသတင်းပြန်ကြားရေးနှင့်စည်းရုံးရေးအရာရှိပီယာပဲရွန် Pierre Péron က အကူအညီပေးရေးဝန်ထမ်းများ ဆန့်ကျင်သည့်စိတ်ခံစားချက်အပြအမူများသည် ခက်ခဲစွာလုပ်ရကိုင်ရသည့်ပတ်ဝန်းကျင်ကိုဖန်တီးကာ ၎င်းသည် IDP များအားအကူအညီများပေးရန်အတွက် နိုင်ငံတကာမှလုပ်ဆောင်နေသူများ၏ စွမ်းရည်များကိုထိခိုက်စေပါသည်ဟုပြောကြားလိုက် သည်။
၁၁	အခွင့်အရေးလှုပ်ရှားသည့်အဖွဲ့တခုဖြစ်သည့် ND-Burma က “မြန်မာနိုင်ငံမှလူ့အခွင့်အရေးအခြေအနေအစီရင်ခံစာ” အမည်ရှိအစီရင်ခံစာတစောင်ကို ထုတ်ပြန်လိုက်ကာ ထိုအစီရင်ခံစာသည် ၂၀၁၃ခုနှစ် ဇူလိုင်လမှဒီဇင်ဘာလအတွင်း မြန်မာနိုင်ငံအနှံ့အပြားဖြစ်ပွားခဲ့သော ညှင်းပမ်းနှိပ်စက်မှု၊ မုဒိမ်းမှုနှင့်မြေယာသိမ်းယူမှုများအပါအဝင် စစ်တပ်မှကျူးလွန်ခဲ့သော လူ့အခွင့်အရေးချိုးဖောက်မှုဖြစ်စဉ် ၁၀၆ ခုတို့အား အထောက်အထားပြုလုပ်ထားပါသည်။
၁၁	အာဆီယံအစိုးရများအကြားလူ့အခွင့်အရေးကော်မရှင် (AICHR) က၎င်း၏လေးရက်တာအစည်းအဝေးကို အာဆီယံနိုင်ငံခြားရေးဝန်ကြီးများအစည်းအဝေးသို့ (AICHR) ပြင်ဆင်ရေးအတွက်အကြံပြုချက်များကို တင်ပြသွားရန်သဘောတူညီချက်ဖြင့် ရန်ကုန်မြို့တွင်ကျင်းပပြီးစီးသွားခဲ့ပါသည်။
၁၂	ICG ကပဋိပက္ခဖြစ်ပွားနိုင်သည့် သတိပေးချက်တခုကိုထုတ်ပြန်လိုက်ကာ သန်းခေါင်းစာရင်းကောက်ယူရာတွင် ဘာသာရေး၊ နိုင်ငံသားဖြစ်မှု၊ တိုင်းရင်းသားဖြစ်မှု စသည်တို့နှင့်ပတ်သက်သည့် “မလိုအပ်သော အတိုက်အခံဖြစ်စေမည့်၊ အကွဲအပြဲဖြစ်ပွားစေမည့်” မေးခွန်းများကို ဖယ်ရှားဖြစ်ပါရန် အစိုးရအားတောင်းဆိုလိုက်သည်။
၁၂	သမ္မတဦးသိန်းစိန်သည် ၆၇ နှစ်မြောက်ပြည်ထောင်စုနေ့အထိမ်းအမှတ်ပြောကြားသည့် မိန့်ခွန်းတွင် “ဖက်ဒရယ်ပြည်ထောင်စုစနစ်ဖြင့် ငြိမ်းချမ်းသော၊ ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရက်တစ်နိုင်ငံတော်” ဆီသို့ရောက်ရှိရန်ပင်လုံစိတ်ဓါတ်ကိုအခြေခံသည့် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးကိုတည်ဆောက်ရန် တိုင်းရင်းသားအုပ်စုများအား တိုက်တွန်းတောင်းဆိုလိုက်သည်။
၁၃	UN မြန်မာနိုင်ငံဆိုင်ရာလူ့အခွင့်အရေးအထူးကိုယ်စားလှယ်သောမတ်စ်ခီရိုဂျေကွင်တားနားသည် နိုင်ငံရေးနှင့်လူ့အခွင့်အရေးအခြေအနေများကို ဆွေးနွေးရန်အတွက် ၈၈ မျိုးဆက်ငြိမ်းချမ်းရေး နှင့်ပွင့်လင်းလူ့အဖွဲ့အစည်းမှ ကိုယ်စားလှယ်များနှင့်

	ရန်ကုန်မြို့တွင် တွေ့ဆုံခဲ့သည်။
၁၃	ထိုင်းရဲဒုတိယဗိုလ်ချုပ်ကြီးဖာနုကာဒ်လာဖွန် Pharnu Kerdlarpphon က ၂၀၁၃ခုစက်တင်ဘာလနှင့်နိုဝင်ဘာလအတွင်းတွင် ထိုင်းနိုင်ငံမှတကြိမ်လျှင် ၁၀၀ မှ ၂၀၀ အထိရှိသော အုပ်စုများအဖြစ်ဖြင့်ရိုဟင်ဂျာ ၁၃၀၀ အားမြန်မာနိုင်ငံသို့ပြန်လည်ပို့ဆောင်ခဲ့သည်ဟု ပြောကြားခဲ့သည်။
၁၄	မြန်မာနိုင်ငံတဝှမ်းလုံးတွင် ကျေးလက်ဆင်းရဲမွဲတေမှုလျှော့ချရေးနှင့် HIV/AIDS စောင့်ရှောက်မှုတိုးမြှင့်ရေးအတွက် ရည်ရွယ်သည့် ADB စီမံကိန်းအားငွေကြေးထောက်ပံ့ရန်အတွက် အမေရိကန်ဒေါ်လာ ၂၂ သန်းပံ့ပိုးပေးသွားမည်ဟု ဂျပန်နိုင်ငံကကြေငြာခဲ့သည်။
၁၄	အစိုးရ၏အသေးစားချေးငွေ ကြီးကြပ်ရေးကော်မတီက အသေးစားချေးငွေသည် စီးပွားရေးလုပ်ငန်းများတည်ထောင်ခြင်းထက် ဆင်းရဲသူများထံအမှန်တကယ်ရောက်ရှိစေရေး သေချာစေရန်အတွက် အမြင့်ဆုံးချေးငွေအား အမေရိကန်ဒေါ်လာ ၅၀၀ အဖြစ်သတ်မှတ်လိုက်သည်။
၁၄	ပဲခူးတိုင်းသဲကုန်းမြို့နယ် အွန်ကုန်းရွာမှ ၂၀၀၀ ခုနှစ်တွင်တပ်မတော်က သူတို့ထံမှသိမ်းယူသွားသော မြေဧက ၁၁၀၀ ကျော်အားပြန်လည်ပေးအပ်ရန် တောင်းဆိုခဲ့သည့် ဒေသခံရွာသား ၁၀၀ ခန့်တို့၏ဆန္ဒပြမှုအား ရဲမှဖြိုခွဲခဲ့သည်။
၁၄	အစိုးရသတင်းစာ New Light of Myanmar က ဒေါ်ခင်စန်းရီအား အစိုးရပညာရေးဝန်ကြီးအဖြစ်ခန့်အပ်ကြောင်း ကြေငြာခဲ့သည်။
၁၄	အစိုးရသတင်းစာ New Light of Myanmar က ဦးစန်းလွင်အားအစိုးရပညာရေးဒုဝန်ကြီးအဖြစ်မှ အစိုးရအမျိုးသားစီမံကိန်းနှင့်စီးပွားရေးဖွံ့ဖြိုးမှုဒုဝန်ကြီးအဖြစ် ပြောင်းလဲခန့်အပ်ခြင်းကို ကြေငြာခဲ့သည်။
၁၆	ရန်ကုန်မြို့သန်လျင်မြို့နယ်မှ ဒီမိုကရေစီလိုလားသည့်တက်ကြွလှုပ်ရှားသူ ၃၀၀ ခန့်တို့သည် ၂၀၀၈ အခြေခံဥပဒေပြင်ဆင်ရေးတွင် သမ္မတအရည်အချင်းသတ်မှတ်မှုနှင့်သက်ဆိုင်သော ပုဒ်မ ၅၉ (င) နှင့် ၅၉ (စ) တို့ကိုလည်း ထည့်သွင်းပါရန် ထောက်ခံသည့်အနေဖြင့် ဆန္ဒထုတ်ဖော်ခဲ့ကြသည်။
၁၆	ကချင်ပြည်နယ် မြစ်ကြီးနားမြို့သို့ UN မြန်မာနိုင်ငံဆိုင်ရာလူ့အခွင့်အရေးအထူးကိုယ်စားလှယ်သောမတ်စ်အိုဂျေကွင်တားနား ရောက်ရှိလာခဲ့သည်။
၁၆	UN မြန်မာနိုင်ငံဆိုင်ရာလူ့အခွင့်အရေးအထူးကိုယ်စားလှယ်သောမတ်စ်အိုဂျေကွင်တားနားသည် ကချင်ပြည်နယ်မြစ်ကြီးနားမြို့တွင် အစိုးရအာဏာပိုင်များနှင့်လည်းကောင်း၊ ကချင်ပြည်နယ်မိုးမောက်မြို့နယ် လိုင်ဇာတွင် KIO ခေါင်းဆောင်များနှင့်လည်းကောင်း သီးခြားစီတွေ့ဆုံခဲ့သည်။
၁၈	အမျိုးသားလွှတ်တော်ဥက္ကဋ္ဌဦးရွှေမန်းက ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ရေးအကောင်အထည်ဖော်မှုအတွက် လွှတ်တော်ကော်မတီအသစ်သည် ၂၀၁၅ ရွေးကောက်ပွဲမတိုင်ခင် အနည်းဆုံး ၆ လတွင် ပြင်ဆင်မှုများအားအကောင်အထည်ဖော်မှုနှင့်ပတ်သက်သည့် အစီရင်ခံစာကိုတင်ရမည်ဟုပြောကြားလိုက်သည်။
၁၈	မြန်မာနိုင်ငံမှကုန်တင်ပို့သူများ ငွေပေးချေရာတွင်အန္တရာယ်ရှိနိုင်မှုမရှိစေရန်ကူညီနိုင်ရန်နှင့် ဒေသခံ SME လုပ်ငန်းများအားကုန်သွယ်မှုထောက်ပံ့ငွေ ပံ့ပိုးနိုင်ရန်အတွက် မြန်မာအရှေ့တိုင်းဘဏ်အားကုန်သွယ်မှုထောက်ပံ့ငွေ အမေရိကန်ဒေါ်လာ ၅ သန်းပေးအပ်ခဲ့သည်ဟု IFC ကပြောကြားခဲ့သည်။
၁၈	အစိုးရအမျိုးသားစီမံကိန်းနှင့်စီးပွားရေးဖွံ့ဖြိုးရေးဝန်ကြီးဌာနမှအရာရှိက အာဆီယံစီးပွားရေးပေါင်းစည်းမှုလုပ်ငန်းအစည်းအဝေးတွင် အာဆီယံအသိုင်းအဝိုင်းလွတ်လပ်သောကုန်သွယ်မှုစည်းမျဉ်းများအား ပြန်လည်ညှိနှိုင်းရန်ပြောဆိုခဲ့သည်။
၁၈	ဒုသမ္မတစိုင်းမောက်ခမ်းသည် မြန်မာနိုင်ငံဆိုင်ရာမြောက်ကိုရီးယားသံတမန်ကင်မ်စုတ်ချွိုင်နှင့် နှစ်နိုင်ငံဆက်ဆံရေးအားမြှင့်တင်ခြင်းအားဆွေးနွေးနိုင်ရန်အတွက် နေပြည်တော်တွင်တွေ့ဆုံခဲ့သည်။
၁၈	သမ္မတဦးသိန်းစိန်၏ ပြောရေးဆိုခွင့်ရှိသူဦးရဲထွတ်က တရားဝင်ခွင့်ပြုမိန့်ဖြင့်ပြုလုပ်သော စာပေဟောပြောပွဲများအားနှောက်ယှက်အငြင်းပွားသူများကို အရေးယူဆောင်ရွက်မှုများပြုလုပ်သွားမည်ဟု သတိပေးချက်ထုတ်ပြန်လိုက်သည်။
၁၉	ဘန်ကောက်မှစားသောက်ဆိုင်တခုတွင် ကျွန်များကဲ့သို့လုပ်ခလစာမရရှိပဲ သုံးလခန့်အတင်းအကြပ်အလုပ်လုပ်ရန် ခိုင်းစေခြင်းခံနေရသော မွန်ပြည်နယ်မော်လမြိုင်မှရွှေ့ပြောင်းလုပ်သားသုံးဦးအား ထိုင်းရဲများမှကယ်တင်ခဲ့သည်။
၂၀	အစိုးရအမျိုးသားစီမံကိန်းနှင့်စီးပွားရေးဖွံ့ဖြိုးမှုဒုဝန်ကြီးဒေါ်လဲ့လဲ့သိန်းနှင့်မြန်မာနိုင်ငံဆိုင်ရာဂျပန်သံမှူးမီကီနျူမာတ Mikio Numata တို့သည် ရန်ကုန်မြို့ဆေးရုံများတွင် ဆေးဘက်ဆိုင်ရာကိရိယာများတိုးတက်လာစေရန်နှင့် ရခိုင်ပြည်နယ်မှ လမ်းများတံတားများဖွံ့ဖြိုးရေးတို့အတွက် စုစုပေါင်း ၁.၇၂ ဘီလီယံ ယန်း (အမေရိကန်ဒေါ်လာ ၁၆.၇၄ သန်း) ဂျပန်မှကူညီမည့် သဘောတူညီချက်ကို လက်မှတ်ထိုးခဲ့ကြသည်။
၂၁	အာဏာပိုင်များက ပိုင်နက်ကျူးလွန်မှု၊ ယုတ်ရင်းကြမ်းတမ်းသောအသုံးအနှုန်းများသုံးစွဲမှု၊ ဂုဏ်သိက္ခာကျဆင်းစေမှု စသည့်စွပ်စွဲချက်များဖြင့် ထောင်ဒဏ်သုံးလကျခံခဲ့ရပြီးနောက် ကရင်နီပြည်နယ်လွိုင်ကော်အကျဉ်းထောင်မှ Eleven မီဒီယာအုပ်စုသတင်းထောက်မခိုင်အား ပြန်လွှတ်ပေးခဲ့သည်။
၂၅	အမျိုးသားလွှတ်တော်မှ ဗိုလ်ချုပ်ကြီးမြဝင်းဥက္ကဋ္ဌအဖြစ်ဆောင်ရွက်သော အဖွဲ့ဝင် ၁၅ ဦးပါဝင်ကော်မရှင်အား ၂၀၁၃ခု ဇူလိုင်လကအတည်ပြုခဲ့သော ခြစားမှုတိုက်ဖျက်ရေးဥပဒေအား အကောင်အထည်ဖော်မှုကိုစောင့်ကြပ်ကြည့်ရှုနိုင်ရန်အတွက် ခန့်အပ်ခဲ့သည်။

၂၅	“အားကောင်းစေသောအခွင့်အရေး” Fortify Rights အဖွဲ့မှ “ခွဲခြားဖိနှိပ်သည့်မူဝါဒ - မြန်မာနိုင်ငံမှရိုဟင်ဂျာမွတ်စလင်များ အပေါ်အကြမ်းဖက်သည့်နိုင်ငံတော်မူဝါဒအားအဆုံးသတ်ခြင်း” အမည်ရှိအစီရင်ခံစာအားထုတ်ပြန်ခဲ့ကာ ထိုအစီရင်ခံစာက အာဏာပိုင်များသည် လူသားဆန်မှုကိုပျက်ယွင်းစေသောရာဇဝတ်မှုများတွင် လက်ထပ်ထိမ်းမြားမှု၊ ကလေးမွေးဖွားမှုနှင့် ပြောင်းရွှေ့သွားလာမှုတို့အပါအဝင် ရိုဟင်ဂျာများ၏အခွင့်အရေးများအား ကန့်သတ်ထားသည့်ဖိနှိပ်ခွဲခြားသည့်မူဝါဒများ အား အသုံးပြုခြင်းဖြင့် ပါဝင်ပတ်သက်နေသည်ဟု ဖော်ပြထားသည်။
၂၅	အမေရိကန်အစိုးရနိုင်ငံခြားရေးဌာနက မြန်မာနိုင်ငံအပေါ်လက်နက်ဝယ်ယူမှုပိတ်ဆို့ထားမှုအား ပယ်ဖျက်ရန်အမေရိကန် အစိုးရအတွင်းတွင် ဆွေးနွေးနေခြင်းမျိုးမရှိပါဟုပြောကြားလိုက်သည်။
၂၇	လူ့အခွင့်အရေးနှင့်ပတ်သက်သည့် နှစ်စဉ်ကမ္ဘာအနှံ့အစီရင်ခံစာတွင် အမေရိကန်နိုင်ငံခြားရေးဝန်ကြီးဌာနက ၂၀၁၃ခုနှစ် တွင် ရခိုင်ပြည်နယ်မှဖြစ်ပွားနေဆဲဖြစ်သော လူ့အခွင့်အရေးပဋိပက္ခများသည် “နိုင်ငံ၏တိုးတက်မှုအား .... ဒုက္ခအပေးဆုံး စိန်ခေါ်မှု” ဖြစ်ကာ ပဋိပက္ခနှင့်ဆက်စပ်သောအကြမ်းဖက်မှုများအပါအဝင် ထင်ရှားသောလူ့အခွင့်အရေးပြဿနာများသည် လူနည်းစုတိုင်းရင်းသားနယ်စပ်ပြည်နယ်များတွင် ဆက်လက်ဖြစ်ပွားနေဆဲဖြစ်သည်ဟုပြောကြားလိုက်သည်။

ဖေဖော်ဝါရီလအတွင်းမြန်မာနိုင်ငံဆိုင်ရာအခြားသတင်းများ

“မြန်မာနိုင်ငံမှလူ့အခွင့်အရေးအခြေအနေနှင့်ပတ်သက်သည့်အစီရင်ခံစာ (၂၀၁၃ခုဇူလိုင်-ဒီဇင်ဘာ)” လူ့အခွင့်အရေးမှတ်တမ်းတင်မှု ကွန်ယက် - မြန်မာနိုင်ငံ (ND-Burma) http://bit.ly/1luk1sb

“ထိုင်းနိုင်ငံမှနိုင်ငံမဲ့ရိုဟင်ဂျာများ၏လူ့အခွင့်အရေး” ညီမျှအခွင့်အရေး (ERT) http://bit.ly/LNGZ0h

“ကမ္ဘာ့ပုံနှိပ်ထုတ်ဝေမှုလွတ်လပ်ခွင့်အညွှန်း ၂၀၁၄” နယ်စည်းမခြားသတင်းထောက်များ (RSF) http://bit.ly/1lO880r

“၂၀၁၄ခုဇန်နဝါရီလအတွက်မြန်မာနိုင်ငံ၏နိုင်ငံရေးအကျဉ်းသားလစဉ်မှတ်တမ်း” နိုင်ငံရေးအကျဉ်းသားများကူညီစောင့်ရှောက်ရေးအဖွဲ့ (AAPP) http://bit.ly/1kPMuea

“ခွဲခြားဖိနှိပ်သည့်မူဝါဒ - မြန်မာနိုင်ငံမှရိုဟင်ဂျာမွတ်စလင်များ အပေါ်အကြမ်းဖက်သည့်နိုင်ငံတော်မူဝါဒအားအဆုံးသတ် ခြင်း” အားကောင်းစေသောအခွင့်အရေးအဖွဲ့ Fortify Rights http://bit.ly/1gyOPVe

“စာနယ်ဇင်းအပေါ်ဖိနှိပ်မှုများ - မြန်မာပြည်” သတင်းထောက်များအားကာကွယ်ရေးကော်မတီ (CPJ) http://bit.ly/1dCI56E

“၂၀၁၃ခုအတွက်လူ့အခွင့်အရေးလုပ်ဆောင်မှုဆိုင်ရာနိုင်ငံအလိုက်အစီရင်ခံစာ - မြန်မာနိုင်ငံ” အမေရိကန်နိုင်ငံခြားရေးဌာန http://1.usa.gov/1fv2Reb

“အဓိပ္ပါယ်မရှိသောတိုင်းရင်းသား၊ အဆက်အစပ်မရှိသောအချက်အလက်- ၂၀၁၄ခုသန်းခေါင်စာရင်းကောက်ယူခြင်း၊ မြန်မာနိုင်ငံမှ တိုင်းရင်းသားသတ် မှတ်မှုနှင့်နိုင်ငံသားသတ်မှတ်မှု” နိုင်ငံများအကြားအင်စတီကျု့ (TNI) http://bit.ly/1cfhFgA